မြန်မာ့အလင်း

အတွဲ (၅၃) အမှတ် (၃၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

အမှာစကား ပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော် ဧည့်ဂေဟာဝင်းအတွင်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၁) (MICC-1) ၌ ကျင်းပသည့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

လက်ရှိ နိုင်ငံရေး၊ စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံကို အာဆီယံနိုင်ငံများအတွင်း စံနမူနာပြနိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေ

နိုင်ငံခြားရေးမူဝါဒကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အနှစ်သာရပြည့်ဝစွာ အကောင်အထည်ဖော်လာနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၉

အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် စပ်လျဉ်းသည့်ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး တစ်နှစ်တာမျှ အာဆီယံဥက္ကဋ္ဌရာထူးကို အလှည့်ကျတာဝန်ထမ်းဆောင်ရတော့မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို စတင်တာဝန်ယူရန် (၆၃)ရက်မျှသာ လိုပါတော့ကြောင်း၊ မိမိတို့အနေဖြင့် မကြာမီမှာ လူသန်းပေါင်း ၆၀၀ ကျော် ပါဝင်သော အာဆီယံကို ဦးဆောင်ဦးရွက်ပြုရတော့မည်ဖြစ်ပါကြောင်း၊ အာဆီယံသည် ကမ္ဘာ့အလယ်တွင် ငြိမ်းချမ်း၍ စီးပွားရေးခိုင်မာပြီး *စာမျက်နှာ ၈ ကော်လံ ၁* ❐

အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံအသင်းဝင်တစ်ဦး၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြစ်၍ နိုင်ငံတကာနှင့် ဒေသအတွင်း မြန်မာနိုင်ငံ၏ ဦးဆောင်မှုအခန်းကဏ္ဍ၊ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ဇာတိမာန်ကို ပြသနိုင်ရန် အခွင့်အလမ်းများကို ရရှိစေမည်။

ရန်ကုန်မြို့ပတ် '၈' အထူးရထား ပြေးဆွဲမည်

သတင်း ➤ မောင်မောင်မြင့်ဆွေ

ရန်ကုန် အောက်တိုဘာ ၂၉

နေ့စဉ်ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသော ရန်ကုန်မြို့နေပြည်သူများ၊ ဘတ်စ်ကားမျိုးစုံပေါ်တွင်လည်း အပြည့်၊ အငှားယာဉ်များပေါ်တွင်လည်း ကိုယ်စီ၊ မြို့ပတ်ရထားပေါ်၌လည်း ပြည့်ကျပ်၊ ကူးတို့ရေယာဉ်မျိုးစုံပေါ်တွင်လည်း နေရာလွတ်မရှိအောင် များပြားလျက်ရှိနေသည်။ နေ့စဉ်သွားလာပို့ဆောင်ရေးအတွက် မြန်မာ့မီးရထားက ရန်ကုန်မြို့တွင် "၈" အထူးရထားတွဲဆိုင်းပြေးဆွဲရန် စီစဉ်နေပြီဖြစ်သည်။

"ရန်ကုန်မြို့မှာ နေ့စဉ်သွားလာနေကြတဲ့ ခရီးသွားပြည်သူတွေ အဆင့်မြင့်မြင့်နဲ့ အချိန်တိုအတွင်း လိုရာခရီးရောက်ရှိစေဖို့ အဆင့်မြင့်တွဲဆိုင်းတွေကို မြို့ပတ်ရထားမှာ ထည့်သွင်းချိတ်ဆက် ပြေးဆွဲသွားဖို့အတွက် လာမယ့် နိုဝင်ဘာ ၁ ရက်မှ စတင်ပြေးဆွဲမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမှ အောက်မြန်မာပြည်အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ မြန်မာ့မီးရထား အောက်မြန်မာပြည် အုပ်ချုပ်ရေးဌာန၌ အောက်တိုဘာ ၂၉ ရက်က ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲတွင် ပြောသည်။

ယခင်က ရန်ကုန်မြို့တွင် မြို့ပတ် "၈" ရထားပြေးဆွဲနေရာမှ မြို့ပတ် "၈" အထူးရထားတွဲဆိုင်းဖြင့်ပြေးဆွဲရန် စီစဉ်နေခြင်းဖြစ်သည်။ အဆိုပါ အထူးရထားတွဲဆိုင်းများမှာ မြစ်ငယ်မြန်မာ့မီးရထားစက်ရုံမှ ပြန်လည်ပြုပြင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ◆

KOL Group Co., Ltd.

XCMG

Xuzhou Construction Machinery Group

Sales | Services | Spare Parts

Date : 31st Oct 2013 to 2nd Nov 2013

Time : 9 : 00 AM to 17 : 00 PM

Venue : Myanmar Convention Center (MCC) , MinDhama Road , Ward (4) , Mayangone Tsp Yangon .

Address : No.646, Insein Road, Hlaing Tsp, Yangon. Tel : 519679.513455 , 654657 Hot Line : 951-230 5102

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကိန်းဂဏန်းမှန်မှ တိုးတက်မှုမှန်မည်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် လာမည့် ၂၀၁၄ ခုနှစ်အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသွားရန် တာဝန်ရှိသူ အဆင့်ဆင့်က ပြင်ဆင်နေကြပြီဖြစ်သည်။ ဤသန်းခေါင်စာရင်း ကောက်ယူခြင်းသည် လွတ်လပ်ရေးရပြီးနောက် တတိယအကြိမ်မြောက် ကောက်ယူခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ်က တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင်တစ်ကြိမ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခဲ့ပါသည်။ ထို့နောက်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်းမရှိဘဲ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ပြီဖြစ်၍ ကိန်းဂဏန်းများကို တိကျခိုင်မာမှု လိုအပ်လာပြီဖြစ်ပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိန်းဂဏန်းများ တိကျမှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးစီးဦးဆောင်ပြုလျက် လာမည့် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပါသည်။ စုစုပေါင်း ၁၂ ရက်ကြာမည်ဖြစ်ပါသည်။ ဤသန်းခေါင်စာရင်းကောက်ယူနိုင်ရေး ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ယင်းဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရဟု ဆိုထားပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သလောက် ငွေကြေးကုန်ကျစရိတ်သည်လည်း များပြားနိုင်ပါသည်။ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၅ သန်းကုန်ကျနိုင်မည်ဟု သိရပါသည်။ နိုင်ငံတော်မှ အမေရိကန် ဒေါ်လာ ၁၅ သန်းကျခံမည်ဖြစ်ပြီး ကျန်ငွေများကို ပြည်ပနိုင်ငံများမှ ကူညီမည်ဖြစ်ကြောင်း သိရပါသည်။ ဤသို့ ငွေကြေးကုန်ကျမှု ကြီးမားသည့်လုပ်ငန်းစဉ်ကြီးဖြစ်ပေရာ ကိန်းဂဏန်းများ တိကျမှန်ကန်ရေးအတွက် အားလုံးကမှန်မှန်ကန်ကန် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ယခုတစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူမှုသည် လူဦးရေသန်းခေါင်စာရင်းအပြင် အိမ်အကြောင်းအရာ အချက်အလက်များပါ ကောက်ယူသွားမည်ဖြစ်၍ အချက်အလက်များ တိကျမှန်ကန်စွာပေးနိုင်ရေးသည် အိမ်ထောင်စုတစ်စုချင်းအလိုက် အထူးအရေးကြီးပါသည်။ ယင်းအချက်အလက်များ တိကျမှန်ကန်ပါမှ နောင်အနာဂတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရန် ငါးလခန့်သာကျန်ရှိသည့်ကာလအတွင်း သက်ဆိုင်ရာတာဝန်ရှိသူများက အဆင်သင့်ဖြစ်အောင် ကြိုးပမ်းပြင်ဆင်နေကြသကဲ့သို့ လူတိုင်းလူတိုင်းကလည်း ကိန်းဂဏန်းမှန်မှတွက်ချက်မှုမှန်ပြီး တိုးတက်မှုမှန်မည်ဖြစ်၍ သန်းခေါင်စာရင်း ကောက်ယူသူများအား အချက်အလက်များ မှန်မှန်ကန်ကန်ပေးကြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျား ကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေ၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်သူဇာဝေနှင့် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိုဂျိုစန်း၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ အတွင်းရေးမှူး ဒေါက်တာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အသင်း၏ မေတ္တာစမ်းရေ ဆေးခန်းတာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ခုတင် ၁၀၀၀ နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ မျက်စိဆရာဝန်ကြီးနှင့် သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် သစ်ကျိုမ်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာသို့ကွင်းဆင်း၍ ရွှေ့လျား ကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်း တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ စမ်းစမ်းလှိုင်က ရွှေ့လျား ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်း အကြောင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးက သားဆက်ခြားခြင်းအကြောင်းကို လည်းကောင်း၊ ဒေါက်တာလင်းလင်းခက်က ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူရန် အရေးပါမှုအကြောင်းကို လည်းကောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့များမှ အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနီးပိတ်၊ တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ဆက်လက်၍ အမကကြို့ကုန်း(သာ) ကလေးများအတွက် အာဟာရ ကျွေးမွေးရန်အတွက် (ငါးသောင်းကျပ်တိတိ)ကို လှူဒါန်းခဲ့ပြီး ကျေးရွာစာကြည့်တိုက်အတွက် စာရွက်၊ စာတမ်းများနှင့် ဂျာနယ်များ လှူဒါန်းခဲ့သည်။

၎င်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အို ဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများအား ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများအား နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်ထီးရိုးဘုရားဖူးများ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

မော်လမြိုင် အောက်တိုဘာ ၂၉

၂၀၁၃-၂၀၁၄ ခုနှစ် ကျိုက်ထီးရိုးဘုရားပွဲတော်ကာလအတွင်း ကင်မွန်းစခန်းတောင်ခြေမှ ရသေ့တောင်ရင်ပြင်တော်သို့ မော်တော်ယာဉ်ဖြင့် စီးနင်းသွားလာကြမည့် ဘုရားဖူးများ ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ မရှိစေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်နယ်ယာဉ်ကြံ့ခိုင်မှုစစ်ဆေးရေးအဖွဲ့ဖြင့် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးပေးလျက်ရှိသည်။

ပြည်နယ်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝေလွင်၊ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ရွှေ၊ ပြည်နယ်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်နုနုဆွေ၊ ပြည်နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲမှူးညွန့်ဝေတို့သည် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်၊ ကျိုက်ထီးရိုး တောင်တက်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင်နှင့် အမှုဆောင် ကော်မတီဝင်များနှင့်အတူ အောက်တိုဘာလ ဒုတိယပတ်တွင် ကင်မွန်းစခန်းတောင်ခြေ၌ ဘုရားပွဲတော်ကာလအတွင်း ပြေးဆွဲမည့် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းမှ မော်တော်ယာဉ် ၁၄၃ စီးကို ယာဉ်တစ်စီးချင်း၏ အင်ဂျင်ဆွဲအားစနစ်၊ ဂီယာစနစ်၊ စတီယာရင်ထိန်းချုပ်မှုစနစ်၊ ဘရိတ်စနစ်နှင့် တာယာများ၏ ကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့ပြင် အငှားယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများအား ယာဉ်မောင်းစစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုက်လိုင်စင်၊ လုပ်ငန်းလိုင်စဉ်၊ ယာဉ်လိုင်စင်သက်တမ်းများ စစ်ဆေးခြင်းနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၁၀၇)

PMPG Co., Ltd.
TAXI လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် အထူးအခွင့်အရေး
★ 660 CC, 1000 CC Japan (2007-2008) ကားများအား
အထူးဈေးနှုန်း (75)သိန်းဖြင့် အမြန်ရောင်းချပေးနေပါသည်။
★ 2-
★ 3- (75)သိန်း
PH : 09-8636580, 09-425301613, 09-421138432, 09-420103183

ပြည်တွင်းသတင်း

○ *ကျောဖုံးမှ*

ရွှေဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက **(ယာပုံ)** အမှာစကားပြောကြားရာ၌ ယနေ့ကာလတွင် လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး တာဝန်ကို ယူကြရသည်ဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များအနေဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်ကို အဓိက ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် ဥပဒေများကို ပြုရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် လည်းကောင်း၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက်လည်းကောင်း၊ ဥပဒေများကို ပြဋ္ဌာန်းရာတွင် ပြည်သူကို ကိုယ်စားပြုသည့်လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ကသာ ဆောင်ရွက်ရသည်ဖြစ်ကြောင်း။

ပြဋ္ဌာန်းရေးဆွဲသည့် ဥပဒေတစ်ရပ်သည် ဥပဒေကောင်းတစ်ရပ်အဖြစ် ပေါ်ပေါက်လာစေရန် ဥပဒေပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ဥပဒေနှင့်အညီ တာဝန်များကို ထမ်းဆောင်လျက်ရှိနေသကဲ့သို့ အခြားသူများအနေဖြင့်လည်း စည်းကမ်းရှိစွာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သင့်ကြောင်း၊ မဏ္ဍိုင် (၃) ရပ်တွင် ရှိနေသူများအနေဖြင့် ခေတ်စနစ်ကိုနားလည်ရန် လိုအပ်သကဲ့သို့ တာဝန်အရ ဥပဒေနှင့်အညီ လုပ်ဆောင်နေခြင်းကို နားလည်လက်ခံကြရမည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်၏ လုပ်ဆောင်ချက်များအပေါ်တွင်လည်း မည်သူမဆို ဝေဖန်၊ ထောက်ပြ၊ အကြံပြု ဆွေးနွေးနိုင်ပါကြောင်း၊ နယ်နိမိတ် အပိုင်းအခြား ကန့်သတ် ထားသည့် မြေကြီးသက်သက်ပေါ်တွင် သာ ပြည်သူများရှိမှသာ နိုင်ငံဟု ခေါ်တွင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍နိုင်ငံအတွင်းရှိ ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ ဘက်စုံကဏ္ဍစုံမှ ဝိုင်းဝန်းညီညွှတ်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် သို့တည်းမဟုတ် အကျိုးဖြစ်ထွန်းနိုင်စေမည်ဟု ယူဆနိုင်မည့် ဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ အကြံပြုဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ခေတ်သစ်၊ စနစ်သစ်အရ အာဏာ (၃)ရပ် ပိုင်းခြား ကျင့်သုံးလျက်ရှိရာတွင် တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း အချင်းချင်းလွဲမှားသော အထင်အမြင်များ မပေါ်ပေါက်စေရန် သတိပြုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ရှင်းလင်းဆွေးနွေးပြောကြားမှုများအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာကုမ္ပဏီများ မှတ်ပုံတင်ရာတွင် မတည်ငွေရင်းနှင့် ကနဦးထည့်ဝင်ရမည့်ငွေပမာဏ သတ်မှတ်ချက်အား ဖြေလျှော့ပေးခြင်း

မြန်မာကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ မတည်ငွေရင်းနှင့်ကနဦးထည့်ဝင်ငွေတို့ကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်-

စဉ်	လုပ်ငန်းအမျိုးအစား	မတည်ငွေရင်း (ကျပ်သိန်း)	ကနဦးထည့်ဝင်ငွေ (ကျပ်သိန်း)
(က)	ရောင်းဝယ်ရေး	၁၀၀	၅
(ခ)	ဝန်ဆောင်မှု	၁၀၀	၅
(ဂ)	ခရီးသွားလုပ်ငန်း	၁၀၀	၅
(ဃ)	ကျောက်မျက်လုပ်ငန်း	၁၀၀	၅
(င)	ဟိုတယ်လုပ်ငန်း	၅၀၀	၅၀
(စ)	စက်မှုလက်မှုနှင့်ထုတ်လုပ်မှု	၅၀၀	၅၀
(ဆ)	ဆောက်လုပ်ရေး	၅၀၀	၅၀

ကုမ္ပဏီများဖွဲ့စည်းမှတ်ပုံတင်ရာတွင် အထက်ပါအတိုင်း လုပ်ငန်းအမျိုးအစား ခွဲခြားသတ်မှတ်မှုကို ပယ်ဖျက်ပေးခဲ့ပြီးဖြစ်သည့်အပြင် ယခုအခါ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုလုပ်သာကိုင်သာရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများတွင် ပိုမိုဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ စနစ်တကျတိုးတက်စေရေးအတွက်လည်းကောင်း ကုမ္ပဏီများ ဖွဲ့စည်းမှတ်ပုံတင်ရာတွင် မတည်ငွေရင်းပမာဏနှင့် ကနဦးထည့်ဝင်ငွေပမာဏ ကန့်သတ်ထားရှိခြင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်။

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လီဆူ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ (ဒူးလေးပါတီ) (LISU NATIONAL DEVELOPMENT PARTY)အား နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးလာမာလေးပါ ၁၇ ဦးတို့က လျှောက်ထားသည့် တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၉ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

◆ *ရှေ့ဖုံးမှ*

လေအေးစက်မှာ တွဲဆိုင်းတိုင်းမပါဝင်သော်လည်း ပန်ကာများ တပ်ဆင်ပြီး အဆင့်မြင့်ပြုပြင်မှုပြုလုပ်ထားသည်။ ယင်း အထူးရထားတွဲတစ်တွဲလျှင် ခရီးသည်ဦးရေ ၁၀၀ ကျော် လိုက်ပါနိုင်ပြီး ထိုင်ခုံဖြင့်ခရီးသည် ၇၀ မှ ၈၀ ခန့်အထိ စီးနင်းနိုင်မည်ဖြစ်သည်။ ထိုင်ခုံများမှာ ပလတ်စတစ်ထိုင်ခုံများဖြစ်ပြီး အထူးရထားတွဲ ခြောက်တွဲပါမည်ဖြစ်သည်။

"ခရီးသည်တွေဆန္ဒကို လေ့လာသုံးသပ်ပြီးမှ အခုလိုအထူးတွဲဆိုင်းတွေ ချိတ်ဆက်ပြေးဆွဲပေးတာဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၃၀၀ နဲ့ နိုင်ငံခြားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာသတ်မှတ်ထားပါတယ်။ အဲဒါဟာ ခရီးစဉ်အစအဆုံးအတွက်ဖြစ်ပြီး ဘတ်စ်ကားခတွေနဲ့ချိန်ဆပြီး သတ်မှတ်ထားတာလည်း ဖြစ်ပါတယ်" ဟု ဦးထွန်းအောင်သင်းက ဆက်လက်ပြောကြားသည်။

"ဇ" အထူးရထားတွင် တွဲဆိုင်း ခြောက်ဆိုင်းပါဝင်ရာ ခရီးသည်ဦးရေ ၆၀၀ ကျော်ခန့် လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ရထားအထူးတွဲဆိုင်းတိုင်းတွင် သန့်ရှင်းသပ်ရပ်မှုအပြည့် ဆောင်ရွက်ပေးထားပြီး ဈေးသည်များ၊ အထမ်းသည်များနှင့် ကုန်ပစ္စည်းများ လုံးဝတက်ရောက်ခြင်း၊ သယ်ဆောင်ခြင်း မပြုရန်လည်း ကန့်သတ်ထားသည်။

နိုဝင်ဘာ ၁ ရက်၌ စတင်ပြေးဆွဲမည့် "ဇ"အထူးရထားမှာ ဘူတာတိုင်း ရပ်နားပေးမည်ဖြစ်ပြီး အင်းစိန်-ရန်ကုန်၊ အင်းစိန်-လှော်ကား ခရီးစဉ်များဖြင့် ရန်ကုန်မြို့ကိုတစ်နေ့လျှင် လေးပတ်မောင်းနှင်မည်ဖြစ်သည်။

မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအတွက် ပထမအကြိမ် ကျိုက်ထို-၁၊ ကျိုက်ထို-၂ ရထားများ ပြေးဆွဲပေးခဲ့ပြီး ဒုတိယအကြိမ်အဖြစ် လေအေးအထူးမြို့ပတ်ရထားများကို ပြေးဆွဲပေးခဲ့သည်။ ယခုအခါ "ဇ" အထူးရထားတွဲဆိုင်းများဖြင့် ရန်ကုန်မြို့နေပြည်သူများအား အဆင့်မြင့်စွာ စီးနင်းသွားလာနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

နိုင်ငံတကာသတင်း

တရုတ်နှင့် ပါကစ္စတန်နယ်စပ်တွင် မဟာဗျူဟာမြောက် မီးရထားလမ်းများ အိန္ဒိယတည်ဆောက်မည်

နယူးဒေလီ အောက်တိုဘာ ၂၉

တရုတ်နှင့် ပါကစ္စတန်နယ်စပ် အနီးဝန်းကျင်တစ်လျှောက်တွင် ယင်းနှစ်နိုင်ငံတို့၏ စိန်ခေါ်မှုများရှိလာခဲ့လျှင် ရင်ဆိုင်ရာ၌ တပ်ဖွဲ့များ ရွှေ့ပြောင်းမှု လွယ်ကူချောမွေ့စေရေးအတွက် မဟာဗျူဟာမြောက်မီးရထားလမ်း ၁၄ လမ်းကို အိန္ဒိယနိုင်ငံက တည်ဆောက်လျက်ရှိကြောင်း ဌာနေသတင်းတွင် အောက်တိုဘာ၂၈ရက်က ဖော်ပြသည်။

ယင်းနယ်စပ်မီးရထားလမ်း ၁၄ လမ်းတွင် ၁၂ လမ်းအတွက် မြေတိုင်းတာခြင်းများ လုပ်ဆောင်ပြီးစီးပြီဖြစ်ကြောင်း သတင်းပေးရင်းမြစ်များကို ကိုးကားလျက် ပီတီအိုင်သတင်းဌာနက ရေးသားဖော်ပြသည်။

အဆိုပါ မီးရထားလမ်းများကို မြောက်ပိုင်းပြည်နယ် လေးပြည်နယ်တွင် တည်ဆောက်ရန် စီမံထားသည်။ ပါကစ္စတန်နှင့် တရုတ်နှစ်နိုင်ငံစလုံးနှင့် ထိစပ်လျက်ရှိသော ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ်၊ တရုတ်နယ်စပ်နှင့် ထိစပ်လျက်ရှိသော အာရန်နာချာပရာဒက်ရှ်နှင့် ဥတ္တာရာခန်းပြည်နယ်နှင့် ပါကစ္စတန်နှင့်ထိစပ်လျက်ရှိသော ရာဂျက်စတန်ပြည်နယ်များတွင် တည်ဆောက်မည်ဖြစ်သည်။

အိန္ဒိယ ကာကွယ်ရေးဝန်ကြီး အောအန်တိုနီက ပါလီမန်တွင် စက်တင်ဘာ ၆ ရက်က နယ်စပ်ပြဿနာနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံက အိန္ဒိယထက် နယ်စပ်တွင်း အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာမှုရှိကြောင်း၊ နယ်စပ်ရေးရာတွင် လမ်းများနှင့် အခြားစွမ်းဆောင်နိုင်မှုများတွင် အိန္ဒိယတို့နောက်ကောက်ကျ ကျန်ရစ်နေကြောင်း၊ ယင်းကိစ္စသည် အစိုးရအစဉ်အဆက်တို့များယွင်းပျက်ကွက်ခဲ့ခြင်းများ ဖြစ်နေဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုမေ့လျော့ခံနှစ်များ လွန်မြောက်ပြီးနောက်ပိုင်းတွင် တရုတ်နယ်စပ်တွင် ကားလမ်းများဖောက်နိုင်ခြင်း၊ လေယာဉ်ကွင်းနှင့်လေဆိပ်တို့ဆောက်နိုင်ခြင်းတို့ဖြင့် အိန္ဒိယ၏ နယ်စပ်အခြေအနေသည် အင်အားလျင်မြန်စွာ ကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ **(ကျူဒိုနယူးစ်)**

လွန်ခဲ့သော နှစ်နှစ်က ဆာတေးမြို့ ကျဆုံးပြီး သူပုန်တိုက်ခိုက်ရေးသမားများ အောင်ပွဲခံနေကြစဉ်။

လစ်ဗျားတွင် အကြီးဆုံးဓားပြတိုက်မှုကြီးဖြစ်ပွား သေနတ်သမားများက ဒေါ်လာ ၅၄ သန်းလုယူသွား

ထရီပိုလီ အောက်တိုဘာ ၂၉

လစ်ဗျားဗဟိုဘဏ်အတွက် ပြည်တွင်းနှင့် နိုင်ငံခြားသုံးငွေ သယ်ဆောင်လာသော ဗင်ကားတစ်စီးကို သေနတ်သမားများက တိုက်ခိုက်ပြီး အမေရိကန်ဒေါ်လာ ၅၄ သန်းကို လုယူသွားခဲ့ကြောင်း လစ်ဗျားနိုင်ငံပိုင်သတင်းအေဂျင်စီက ပြောကြားသည်။

အဆိုပါ ဗင်ကားသည် လေဆိပ်မှ ဆာတေးမြို့ကိုအဝင် သေနတ်သမား ၁၂ ဦးက ဖြတ်တားပြီး ဓားပြတိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းငွေကြေးများကို မြို့တော်ထရီပိုလီမှ လေကြောင်းဖြင့် သယ်ဆောင်ခဲ့ပြီး လေဆိပ်မှ မြို့ထဲအဝင်တွင် ဓားပြတိုက်ခံရခြင်းဖြစ်ကြောင်းသတင်းတွင် ဖော်ပြသည်။

ယင်းဓားပြတိုက်မှုကြီးသည် လစ်ဗျားနိုင်ငံတစ်ဝန်းအကြီးမားဆုံး ဓားပြတိုက်မှုကြီးဖြစ်ကြောင်း ဆာတေးမြို့ကောင်စီအကြီးအကဲ အဒဲလ်ဖာတက် မိုဟာမက်က ရိုက်တာသို့ ပြောသည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ် ပြည်တွင်းစစ်ပြီးကတည်းက ဥပဒေမဲ့လုပ်ရပ်များ ဆက်တိုက်ဖြစ်ပွားနေဆဲဖြစ်သည်။

လစ်ဗျားအစိုးရအနေဖြင့်လည်း လက်နက်ကိုင် စစ်သွေးကြွများ၊ ဂိုဏ်းအဖွဲ့များနှင့် အစ္စလာမ္မစ်အစွန်းရောက်များအား အပြည့်အဝထိန်းချုပ်ရန်ရုန်းကန်နေရဆဲဖြစ်သည်။ အဆိုပါ ဗင်ကားကို ကာကွယ်ရန် လုံခြုံရေးကားတစ်စီးသာ တာဝန်ချထားခဲ့ကြောင်း တနင်္လာနေ့သတင်းများတွင် ဖော်ပြသည်။ လုံခြုံရေးအစောင့်အဖြစ် လိုက်ပါသူများအနေဖြင့် သေနတ်သမား ၁၀ ဦး၏ တိုက်ခိုက်မှုကို ခုခံနိုင်စွမ်းမရှိကြောင်းလည်း လားနားသတင်းအေဂျင်စီက သတင်းဖော်ပြသည်။ **(ဘီဘီစီ)**

နိုင်ငံအတွင်း ဟွာဝေးမှ ကန်ဒေါ်လာသန်း ၂၀၀ ရင်းနှီးမြှုပ်နှံခြင်းကို ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ကြိုဆို

လန်ဒန် အောက်တိုဘာ ၂၉

ဗြိတိန်နိုင်ငံ အစ်ဆွစ်မြို့၌ တည်ရှိသည့် ဟွာဝေးကုမ္ပဏီပိုင်သုတေသနဌာန၌ ပညာရှင်နှင့် ကျွမ်းကျင်သူ ဦးရေ ၈၀ ခန့် ရှိနေပြီး ဟွာဝေးကုမ္ပဏီအနေနှင့် ဗြိတိန်နိုင်ငံအတွင်း နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်း၊ သုတေသနလုပ်ကိုင်ရန်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း International Business Times မဂ္ဂဇင်း၌ဖော်ပြထားသည်။ အောက်တိုဘာလလယ်အတွင်း အဆိုပါနိုင်ငံတကာစီးပွားရေးမဂ္ဂဇင်းက သတင်းရေးသားဖော်ပြရာတွင် တရုတ်နိုင်ငံသို့ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး George Osborne ဦးဆောင်သည့် အဆင့်မြင့်နည်းပညာကုမ္ပဏီ ၂၀ ဖြင့် ဖွဲ့စည်းထားသော ကိုယ်စားလှယ်အဖွဲ့ လာရောက်လည်ပတ်ခဲ့သည့် အောက်တိုဘာ ၁၆ ရက် ခရီးစဉ်အတွင်း ဟွာဝေးနည်းပညာကုမ္ပဏီရုံးချုပ်သို့ လာရောက်လေ့လာခဲ့စဉ် ဟွာဝေးကုမ္ပဏီတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် Ren Zhengfei က ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးကို အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဟွာဝေးအနေနှင့် ဗြိတိန်နိုင်ငံရှိ သုတေသနဌာန၌ ၂၀၁၇ ခုနှစ်တွင် ဗြိတိန်ပညာရှင် ဦးရေ ၃၀၀ ခန့်အထိ တိုးချဲ့ခန့်အပ်ပေးနိုင်မည်ဖြစ်ပြီး အော့ဖတိုအီလက်ထရွန်နစ်နည်းပညာ၊ စက်ပစ္စည်းဒီဇိုင်းပြုလုပ်ခြင်း၊ ဆော့ဖ်ဝဲလ်လုပ်ငန်းများဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ သုတေသနပြုလုပ်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း မဂ္ဂဇင်းက ရေးသားဖော်ပြသည်။

တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်ရောက်ရှိနေပြီး ဟွာဝေးရုံးချုပ်သို့ လာရောက်လေ့လာခဲ့သူ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး George Osborne က ဗြိတိန်နှင့်တရုတ်နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ရန်ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံခေတ်မီ သိပ္ပံနည်းပညာကုမ္ပဏီများအကြား ပူးပေါင်းလာနိုင်သည့်အတွက် စိတ်လှုပ်ရှားမိပါကြောင်း၊ ဟွာဝေး ကုမ္ပဏီအနေဖြင့် ဗြိတိန်နိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုပါကြောင်း International Business Times က ရေးသားဖော်ပြထားသည်။ **(အိုင်ဘီတီ)**

ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးမုန်တိုင်းကြုံ လေးဦးသေဆုံးပြီး အိမ်ခြေခြောက်သိန်း ဓာတ်အားပြတ်တောက်

လန်ဒန် အောက်တိုဘာ ၂၉

ဗြိတိန်နိုင်ငံတောင်ပိုင်းဒေသတွင် အောက်တိုဘာ ၂၈ ရက်က မုန်တိုင်းတိုက်ခတ်ရာမှ သေဆုံးသူ လေးဦးရှိခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နေကြောင်း ဆင်ဟွာသတင်းတွင် အောက်တိုဘာ ၂၉ ရက်က ဖော်ပြသည်။

လန်ဒန်အနောက်ပိုင်းတွင် လေမုန်တိုင်းအတွင်း ပြိုလဲသည့်သစ်ပင်တစ်ပင်ကြောင့် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ရာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးကာ နေအိမ်သုံးလုံးလည်း ပျက်စီးသွားသည်။ ဒဏ်ရာရသူတစ်ဦးရှိပြီး ဆေးရုံတင်ပို့လိုက်ရကြောင်း သိရသည်။

ယင်းမုန်တိုင်းအတွင်းမှာပင် သစ်ပင်ပိ၍ အခြားနှစ်ဦးသေဆုံးခဲ့သည်။ သေဆုံးသူတစ်ဦးမှာ ကန့်စီရင်စုဟတ်ဗာအရပ်တွင် နောက်တွဲပါလူနေယာဉ်အတွင်း အိပ်ပျော်နေသော အသက် ၁၇ နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်သည်။ နံနက် ၇ နာရီ မိနစ်၂၀က နောက်တွဲယာဉ်အပေါ် သစ်ပင်လဲကျ၍ သေဆုံးခြင်းဖြစ်သည်။

အခြားတစ်ဦးမှာလည်း ကားတွင်းရှိနေစဉ် သစ်ပင်ပြိုလဲကျရာမှ ကားပေါ်ပိ၍ သေဆုံးခဲ့ခြင်းဖြစ်သည်။ အဆိုပါ မုန်တိုင်းအတွင်း သစ်ပင်များစွာ ပြိုလဲကြောင်း၊ လျှပ်စစ်မီးများပျက်၍ အိမ်ခြေ ခြောက်သိန်းဓာတ်အား ပြတ်တောက်နေကြောင်း၊ တနင်္လာနေ့ ညနေ ၅ နာရီအချိန်ထိ ယာဉ်သွားလမ်းများစွာ ပိတ်ထားရကြောင်း သိရသည်။

အင်္ဂလန်နှင့် ဝေလနယ်တွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မုန်တိုင်းဖြစ်နိုင်သည်ဟု ဆိုသည်။ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များ၏ တိုင်းတာချက်များအရ ယင်းနေ့ နံနက် ၅ နာရီက မုန်တိုင်းအင်အားသည် တစ်နာရီ ၁၅၉ ကီလိုမီတာ နှုန်းရှိကြောင်း သိရသည်။ **(ဘီဘီစီ)**

အမေရိကန်နဲ့ အီးယူတို့ရဲ့ ဆက်ဆံရေးအကျပ်ကြောင်း

မောင်နွေသစ်

အမေရိကန်ထောက်လှမ်းရေးကန်ထရိုက်တာဟောင်း အက်ဒွပ်စနိုးဒန်းပျိုးလိုက်တဲ့ မီးကတော့ တဖြည်းဖြည်းတောက်လောင်လာတဲ့ အနေအထားပါပဲ။ အမေရိကန်က စနိုးဒန်းကို အမိအရ ဖမ်းလိုတဲ့အကြောင်းကလည်း ယခုအခါမှာ ကွက်ကွက်ကွင်းကွင်းကြီးကို တွေ့လာရပါတယ်။

အခုတလောဖြစ်နေတာက အဲဒီစနိုးဒန်းဆိုသူက ဖွင့်ချတဲ့ မှတ်တမ်းတွေအရ အမေရိကန်အမျိုးသား လုံခြုံရေးအေဂျင်စီ(အင်န်အက်စ်အေ)က အခြားနိုင်ငံတွေရဲ့ ဖုန်းလိုင်းတွေကို ကြားဖြတ်လျှို့ဝှက်ဖမ်းယူထောက်လှမ်းနေတယ်လို့ ဆိုပါတယ်။ ဒီပြဿနာဟာ အဓိကအားဖြင့်တော့ အီးယူနိုင်ငံတွေနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ဆက်ဆံရေးကို ထိခိုက်လာမယ့် အနေအထားပါပဲ။

စပိန်နိုင်ငံကတော့ တစ်လအတွင်း သူ့နိုင်ငံသားတွေရဲ့ဖုန်းခေါ်ဆိုမှု သန်း ၆၀ ကျော်ကို အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီက ကြားဖြတ်ဖမ်းယူ နားထောင်နေသည်ဆိုခြင်းအပေါ် အမြန်ဆုံး ဖြေရှင်းပေးနိုင်ဖို့ အမေရိကန်ကို တိုက်တွန်းလိုက်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စပိန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးကိုလည်း စပိန်အီးယူဝန်ကြီးက ဆင့်ခေါ်လိုက်ပြီး အမေရိကန်နိုင်ငံရဲ့ သူလျှိုလုပ်ငန်းအပေါ် သံသယရှိနေခြင်းကို ရှင်းရှင်းလင်းလင်းဖြစ်အောင်လုပ်ပေးဖို့ ပြောကြားလိုက်တယ်လို့ ဆိုပါတယ်။ ဒီကိစ္စဟာ တကယ်သာဖြစ်နေမယ်ဆိုရင်တော့ လက်မခံနိုင်စရာပါပဲလို့ အီးယူဝန်ကြီး အင်ဒီဂိုမန်ဒက်ဒေဗီရိုက ပြောကြားလိုက်ပါတယ်။ အီးယူကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကိုလည်း ဒီကိစ္စဆွေးနွေးဖို့ ဝါရှင်တန်သို့ စေလွှတ်မယ်လို့ ဆိုပါတယ်။ အီးယူပါလီမန်က ကိုယ်စားလှယ်တွေနဲ့ အမေရိကန်ကွန်ဂရက်အဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ရှိသူတွေဟာ အီးယူခေါင်းဆောင်တွေနဲ့ နိုင်ငံသားတွေအပေါ် အမေရိကန်က လျှို့ဝှက်ထောက်လှမ်းသည်ဆိုသော စွပ်စွဲချက်ကို ဆွေးနွေးကြလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်ကလည်း သူ့ကိုဆယ်စုနှစ်တစ်ခုကြာ လျှို့ဝှက်ထောက်လှမ်းနေတဲ့ကိစ္စ ဆွေးနွေးအဖြေရှာဖို့ ထောက်လှမ်းရေးတာဝန်ရှိသူများကို စေလွှတ်ထားတယ်လို့ ဆိုပါတယ်။

စပိန်သတင်းစာ တစ်စောင်ဖြစ်တဲ့ EL Mundo ကတော့ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ (အင်န်အက်စ်အေ)အနေနဲ့ စပိန်နိုင်ငံသားတွေရဲ့ ဖုန်းခေါ်ဆိုမှုများ၊ အီးမေးလ်များမှတစ်ဆင့် သန်းပေါင်းများစွာ လျှို့ဝှက်ကြားဖြတ် အသံဖမ်းယူထောက်လှမ်းနေတဲ့အကြောင်း ထုတ်ဖော်ရေးသားခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ လျှို့ဝှက် ထောက်လှမ်းခဲ့တယ်လို့ ဆိုပါတယ်။ အိမ်ဖြူတော်ကတော့ EL Mundo သတင်းစာရဲ့ ထုတ်ပြန်ချက်အပေါ် ယခုအထိ ယဉ်ယဉ်ကျေးကျေး မဟုတ်မှန်ကြောင်းငြင်းဆိုထားပါတယ်။

အမေရိကန်ရဲ့ ယခုလုပ်လိုက်တဲ့ သတင်းဖြစ်ရပ်ကိုတော့ အမေရိကန်ထောက်လှမ်းရေး ဖော်ကောင် Edward Snowden က ပေးပို့တဲ့ သတင်းအချက်အလက်ကို အခြေခံပြီး ဘရာဇီးအခြေစိုက်သတင်းထောက် Glenn Greenwald က ရေးသားပြီး စပိန်သတင်းစာက ဖော်ပြပေးခဲ့တယ်လို့ ဆိုပါတယ်။

ဒီလိုပဲ ဂျာမနီအပတ်စဉ်ထုတ်သတင်းစာ Der Spiegel နဲ့ ပြင်သစ်နေ့စဉ်ထုတ်သတင်းစာ Le Monde တို့ကလည်း သူတို့နိုင်ငံသားတွေနဲ့ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ ဖုန်းမှတ်တမ်းတွေကို အမေရိကန်က လျှို့ဝှက်ဖမ်းယူခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှေ့လျှောက် အမေရိကန်နဲ့ အီးယူနိုင်ငံတွေရဲ့ ဆက်ဆံရေးဟာလည်း မယုံမရဲဖြစ်နေမယ့် အနေအထားပါပဲ။ ။

နိုင်ငံတကာသတင်း

ဆိုမာလီစစ်သွေးကြွခေါင်းဆောင်နှစ်ဦး ပုံးကြဲတိုက်ခိုက်ခံရပြီးသေဆုံး

ဆိုမာလီတောင်ပိုင်းလေကြောင်းတိုက်ခိုက်မှုတစ်ရပ်အတွင်း အစ္စလာမ့်စစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်အဖွဲ့မှ ထိပ်တန်းခေါင်းဆောင်နှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသခံများက ဘီဘီစီသို့ပြောကြားသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ဂျီလစ်နှင့် ဘာဒါဝီမြို့အကြား မောင်းနှင်သွားလာနေသည့် စစ်သွေးကြွများ၏ မော်တော်ယာဉ်ပျက်စီးသွားခဲ့သည်။ အမေရိကန်က ယခုလစောစောပိုင်းတွင်အယ်လ်ရှာဘတ်တပ်မှူးကို ဘာဒါဝီ၌ စီးနင်းတိုက်ခိုက်ရာတွင် မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ အယ်လ်ရှာဘတ်အဖွဲ့သည် အာဖရိကအရှေ့ပိုင်း၌ အယ်လ်ခိုင်ဒါနှင့် အဓိကဆက်နွှယ်နေသောအဖွဲ့ ဖြစ်သည်။

• •

အငြင်းပွားကျွန်းစုအရေး ဂျပန်က တရုတ်ကိုသတိပေး

တရုတ်နိုင်ငံ အရှေ့တရုတ်ပင်လယ်တွင်းရှိ အငြင်းပွားကျွန်းစုအရေးနှင့်ပတ်သက်၍ ဂျပန်ကာကွယ်ရေးဝန်ကြီးက သတိပေးပြောကြားလိုက်သည်။ ဂျပန်အခေါ် ဆန်ကာကုနှင့် တရုတ်အခေါ် ဒိုင်အောယုကျွန်းစုအပေါ် နှစ်နိုင်ငံအငြင်းပွားမှုမြင့်တက်လာစဉ် ဂျပန်ကာကွယ်ရေးဝန်ကြီး အစ်ဆုနော်ရီအိုနိုဒေရာက မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။

မကြာသေးမီရက်များအတွင်းက နှစ်နိုင်ငံတို့သည် ၄င်းကိစ္စဖြင့် တင်းမာမှုများ မြင့်တက်လာသည်။ တရုတ်စစ်လေယာဉ် ဂျပန်လေကြောင်းပိုင်နက်အတွင်း ပျံသန်းခဲ့ပြီးနောက် လွန်ခဲ့သော သီတင်းပတ်တွင် ဂျပန်က ဂျက်တိုက်လေယာဉ်သုံးစင်းစေလွှတ်ခဲ့သည်။ ယင်းတို့နှစ်နိုင်ငံသည် အဆိုပါ ကျွန်းစုအရေးနှင့်ပတ်သက်ပြီး ဆယ်စုနှစ်များစွာ အပြန်အလှန် စွပ်စွဲနေကြသည်။ ယခုအခါ ယင်းကျွန်းစုကို ဂျပန်က ထိန်းချုပ်ထားသည်။ သို့ရာတွင် တရုတ်ကလည်း ၄င်းတို့ပိုင်ဆိုင်ကြောင်းပြောဆိုလျက်ရှိသည်။ ၂၀၁၂ ခုနှစ်က ဂျပန်အစိုးရက ဂျပန်ပုဂ္ဂလိကပိုင်ဆိုင်သူတစ်ဦးထံမှ ကျွန်းသုံးကျွန်းကို ဝယ်ယူခဲ့ပြီးနောက် တရုတ်နှင့်တင်းမာမှု အရှိန်မြင့်တက်ခဲ့သည်။

မြင့်မောင်စိုး-စုစည်းသည်

ချို့တဲ့စွာ လူလားမြောက်ခဲ့သော ကလေးငယ်များ မှတ်ဉာဏ်ဦးနှောက်သေးငယ်နိုင်

ဆင်းရဲချို့တဲ့စွာဖြင့် လူလားမြောက်ကြီးပြင်းလာရသော ကလေးငယ်များသည် ဦးနှောက်အရွယ်အစားတွင် သက်ရောက်မှုအကျိုးဆက်များရှိကြောင်း သုတေသနတစ်ရပ်က အကြံပြုပြောကြားသည်။

ဆင်းရဲသော ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ကြီးပြင်းလာကြသော ကလေးများတွင် မှတ်ဉာဏ်ဦးနှောက်တွင်းရှိ အဖြူနှင့်မီးခိုးရောင်အလွှာပိုင်း ပမာဏများ သေးငယ်ကြသလို hippocamal နှင့် amygdela အလွှာပိုင်းများလည်း အရွယ်အစားသေးကြ ကြောင်းနှင့် JAMA Pediatrics ဂျာနယ်တွင် သုတေသနပညာရှင်များက ရေးသားဖော်ပြသည်။

"အပြုအမူပိုင်းဆိုင်ရာ သုတေသနများကို နှစ်ပေါင်းများစွာ လုပ်ခဲ့ရာ ဆင်းရဲမှုသည် ကလေးများအတွက် ဖွံ့ဖြိုးမှုနှုံချာတဲ့ အကျိုးရလဒ်ကို ဖြစ်ပေါ်စေရာမှာ အားအကောင်းဆုံး နိမိတ်ဆိုးလက္ခဏာတစ်ရပ်ဆိုတာ နှစ်များစွာကတည်းက သိရှိပြီးသားပါ၊ မကြာသေးခင်က အာရုံကြောသိပ္ပံနှင့် ဦးနှောက်ပုံရိပ်သုတေသနများအရ သိရတာက ဆင်းရဲမှုက ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် အနုတ်သဘော သက်ရောက်မှုရှိနေတာကိုပါပဲ"ဟု၍ စိန့်လူးဝစ်ရှိ ဝါရှင်တန်တက္ကသိုလ်မှ ကလေးသူငယ်စိတ်ပညာ ပါမောက္ခဒေါက်တာဂျုန်းအယ်လ်လူကီက ပြောကြားခဲ့သည်။ သုတေသနအရ အသစ်တွေ့ရှိရသည်မှာ ဆင်းရဲချို့တဲ့မှုက ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှုများသည် ကလေးများ တွေ့ကြုံရသော မိဘအုပ်ထိန်းမှုအပိုင်းနှင့် ဘဝအပိုင်းအခြားအရ အဆင်မပြေစိတ်ဖိစီးမှုများက ပို၍အားကောင်းစွာ အကျိုးဆက်များကို ဖြစ်ပေါ်စေသည်ဟုဒေါက်တာဂျုန်းကပြောသည်။

ဦးနှောက်ရှိ မီးခိုးရောင်အလွှာပိုင်းသည် အသိဉာဏ်ပိုင်းနှင့်ဆက်နွယ်ပြီး အဖြူလွှာပိုင်းများသည် ဗဟိုအာရုံစနစ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဦးနှောက်အတွင်း အချက်ပြခြင်းများကို လုပ်ဆောင်ပေးသည်။

ဥမ္မာ-ရေးသည်

အန္တာတိကရှိ အိုဇုန်းလွှာပေါက် အနည်းငယ်ပြန်ကျဉ်းသွားပြီဟု နာဆာကဆို

အန္တာတိက တိုက်၏ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုမှ အကာအကွယ်ပေးသော အလွှာဖြစ်သည့် အိုဇုန်းလွှာအပေါက်သည် မကြာသေးသော ဆယ်စုနှစ်များအချိန်ကစကာ တဖြည်းဖြည်းကောင်းမွန်လာခဲ့ရာ ယခုနှစ်ထဲ၌ အိုဇုန်းလွှာပေါက်အနည်းငယ်သေးငယ်ခဲ့ပြီဖြစ်ကြောင်း အမေရိကန် အာကာသအေဂျင်စီနာဆာက ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလများတွင် တိုင်းတာချက်အရ အိုဇုန်းလွှာပေါက်၏ အရွယ်အစားမှာ ၂၁ သန်းစတုရန်းကီလိုမီတာ ရှိနေသည်ဟု ဆိုထားသည်။

နှစ်လယ်အမြင့်ဆုံး အပေါက်အရွယ်အစားသည် ၂၂ ဒသမ ၅ သန်းစတုရန်းကီလိုမီတာတွင် နေခဲ့ပြီး ၁၉၉၀ ခုနှစ်လယ်တွင် ထိုပမာဏအတိုင်း ရှိနေခဲ့ရာမှ ယခုအခါ အနည်းငယ်ကျဉ်းမြောင်းသွားခဲ့ခြင်း ဖြစ်ကြောင်း ဆိုသည်။

သို့သော်လည်း အိုဇုန်းလွှာပေါက်သည် အကောင်းပကတိဖြစ်စပြုသလားကိုမူ ပြောပြရန် စောလွန်းသေးသည်ဟုဆိုသည်။

အထက်လေထုလွှာ အတွင်းတည်ရှိသည့် ယင်းအိုဇုန်းလွှာအပေါက်သည် ဩဂုတ်နှင့် စက်တင်ဘာလများအတွင်း ရာသီဥတုအလိုက်ပြောင်းလဲမှုဖြစ်စဉ်များ စတင်ဖြစ်ပေါ်တတ်သည်။

သို့သော် အိုဇုန်းလွှာ ကာကွယ်ရေး ၁၉၈၇ မွန်ထရီရယ်သဘောတူညီစာချုပ်အရ လေထုအတွင်း အိုဇုန်းလွှာပါးလွှာစေသော ဓာတုဓာတ်ငွေ့ထုတ်လုပ်မှုပြောင်းလဲမှုများ ရှိလာခဲ့ပြီး ယင်းဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် ယေဘုယျလျော့ကျလာခဲ့ခြင်းတို့ကြောင့် အိုဇုန်းလွှာပေါက်သည် မိုးလေဝသ ရာသီဥတု အခြေအနေ ပြောင်းအလဲများ၏ရိုက်ခတ်မှု အသက်ရောက်နေခြင်းရှိသော်လည်း တည်ငြိမ်လျက်ရှိနေကြောင်း နာဆာက ပြောကြားခဲ့သည်။

နေခြည်

KSD Kayin State Development Public Company Limited
ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်

ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Kayin State Development Public Company Limited) အား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင် အမှတ် ၃၁၁၀/၂၀၁၃ - ၂၀၁၄ (၂၅-၉-၂၀၁၃) အရ ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှယ်ယာရှင် အများပြည်သူများ အကျိုးအတွက် အစွမ်းကုန် ကြိုးစား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒါရိုက်တာ အဖွဲ့

ဆက်သွယ်ရန် - KSD Public Company Limited, အမှတ် ၂/၃၀(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ဖုန်း ၀၅၈ ၂၃၀ ၁၃၂၊ ၀၉ ၅၆၆၀ ၂၅၉၊ ၀၉ ၈၃၃၀ ၆၉၅၊ email - ksdpubliccompany@gmail.com

KSD Kayin State Development Public Company Limited
Job Vacancy
CEO
Any graduate, any age above 18, any sex, any background, national or international who has confidence for the post of CEO in a public company may apply his/her well written curriculum vitae to
ksdpubliccompany@gmail.com
Within two weeks of this announcement. Only short list candidate will be contact for personal interview. The attractive salary plus percentage of company's net profit will be offered.

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆေးပညာသတင်းဆန်းများ (၅၁)

ပထမဆုံးတင်ပြလိုတဲ့ ဆေးပညာသတင်းကတော့ ၂၀၁၃ ခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်ဆေးပညာရှင်နှစ်ဦးနဲ့ ဂျာမန်ဆေးပညာတစ်ဦးတို့ ပူးတွဲရရှိသွားတယ်ဆိုတဲ့ သတင်းပါ။ ၎င်းတို့ သုံးဦးဟာ လူတွေရဲ့ခန္ဓာကိုယ်အတွင်း ကလာပ်စည်းတွေထဲက ဓာတ်ပစ္စည်းတွေကို ကလာပ်စည်းအချင်းချင်း ဘယ်လိုသယ်ယူပို့ဆောင်ပေးနေတယ်ဆိုတဲ့ စနစ်ကို လေ့လာနိုင်ခဲ့ကြလို့ပါ။ အမေရိကန်နိုင်ငံသား ဂျိမ်း(စ်)ရော့သ်မန်နှင့် ရန်ဒီရှက်ခ်မန်း၊ ဂျာမနီနိုင်ငံမှ သောမတ်(စ်) ဆာဟော့တို့ပဲဖြစ်ပါတယ်။ ဒီစနစ်ဟာ လူတွေရဲ့အသက်ရှင်နေထိုင်မှုမှာ အလွန်အရေးပါတဲ့ဖြစ်စဉ်တစ်ခုဖြစ်ပြီး ဆေးဝါးကုသမှုမှာလည်း အထူးအထောက်အကူပြုနိုင်မယ့် တွေ့ရှိချက်ဖြစ်တာကြောင့် နိုဘယ်ဆုချီးမြှင့်ရတာဖြစ်ကြောင်း နိုဘယ်ဆုချီးမြှင့်ရေးကော်မတီက ထုတ်ပြန်ထားကြောင်း တင်ပြလိုက်ရပါတယ်။

ဓာတုဗေဒဆိုင်ရာနိုဘယ်ဆု

ယခုနှစ်ချီးမြှင့်တဲ့ ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုဟာလည်း ဆေးပညာနှင့် ပတ်သက်နေတာကြောင့် တင်ပြလိုက်ပါတယ်။ ဒီဆုကို ဩစတြေးလျနိုင်ငံသား မာတင်ကားပလက်၊ ဗြိတိန်နိုင်ငံသား မိုင်ကယ်လီဗီးလစ်နှင့် အစ္စရေးနိုင်ငံသား အေရိယာဝါရှယ်တို့ရရှိသွားတာပါ။ သူတို့သုံးဦးစလုံးဟာ အမေရိကန်တက္ကသိုလ်တွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ ကွန်ပျူတာဓာတုဗေဒပညာရှင်တွေပါ။ သူတို့ရဲ့ရှာဖွေလေ့လာမှုကြောင့် စွမ်းအားမြင့်ကွန်ပျူတာ Software ကို အသုံးပြုပြီး ဓာတုဗေဒဆိုင်ရာ ဖြစ်စဉ်များကို ခန့်မှန်းတွက်ချက်နိုင်မှာဖြစ်ပါတယ်။ ယခင်က ဓာတ်ခွဲခန်းစမ်းသပ်ဖန်ပြွန်များကိုချည်းအသုံးပြုပြီး စမ်းသပ်နေရာက ယခုအခါကွန်ပျူတာ Software ကို အသုံးပြုပြီး ဓာတုပစ္စည်းများရဲ့ဖြစ်စဉ်ကို စမ်းသပ်နိုင်တော့မှာဖြစ်ပါတယ်။ ဒီတွေ့ရှိချက်ဟာ ဆေးဝါးအသစ်များ ထုတ်လုပ်တဲ့နေရာမှာ အထူးအထောက်အကူဖြစ်တဲ့ ဆေးပညာလောကအတွက် သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

အိုဘားမားရဲ့ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်း

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆေးပညာသတင်းမဟုတ်ပေမယ့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆိုင်တဲ့ အမေရိကန်နိုင်ငံက သတင်းတစ်ပုဒ်ဖြစ်ပါတယ်။ ဒီသတင်းကတော့ အများသိပြီးဖြစ်တဲ့ Obama Care လို့ခေါ်တဲ့ သမ္မတအိုဘားမားရဲ့ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းတစ်ခုအကြောင်းပါ။ ဒီဥပဒေကြမ်းကို အဆိုတင်သွင်းရာမှာ အတိုက်အခံရီပတ်ဘလီကန်ပါတီရဲ့ ထောက်ခံမဲမရတဲ့အတွက် အမေရိကန်နိုင်ငံအစိုးရယန္တရားကြီးတစ်ခုလုံး ရပ်ဆိုင်းရမလောက်ဖြစ်ခဲ့ရတာပါ။ အစိုးရဝန်ထမ်းရှစ်သိန်းကျော်ဟာ ခေတ္တအနားယူနေရတဲ့အဖြစ်နဲ့ ကြုံနေရပါတယ်။ ဒီကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းမှာပါဝင်တဲ့ အချက်တွေကတော့ (၁)မိသားစုထဲမှာ သားသမီးတွေဟာ အိမ်ထောင်မကျသေးဘူးဆိုရင် ယခင်က အသက် ၁၈နှစ်ထိသာ ကျန်းမာရေးစောင့်ရှောက်ခံစားမှုရှိရာက ယခု ၂၆ နှစ်အထိ တိုးပေးထားတာ၊ (၂) အသက်အာမခံမထားနိုင်တဲ့ ဆင်းရဲတဲ့လူတွေအတွက် အာမခံကို လျှော့ပေါ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန်၊ (၃) သက်ကြီးရွယ်အိုတွေကို ယခုထက်ပိုပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးရန်၊ (၄)ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီက ထုတ်လုပ်တဲ့ဆေးဝါးတွေကို တိုင်းသူပြည်သားတွေသက်သာတဲ့ဈေးနှုန်းနှင့် ဝယ်ယူနိုင်အောင် ယင်းကုမ္ပဏီတွေပေါ်မှာ အစိုးရကထားရှိတဲ့ ကန့်သတ်မှုတွေကို လျှော့ချပေးရန်တို့ ပါဝင်ပါတယ်။ အမှန်မှာတော့ ဒီဥပဒေကြမ်းဟာ အများပြည်သူအတွက် အမှန်တကယ် အကျိုးသက်ရောက်နိုင်မယ့် အစီအစဉ်တစ်ခုဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ဆေးပညာသတင်းတွေကလည်း အမျိုးမျိုးပေါ်ထွက်နေပါတယ်။ လေ့လာသူတွေကလည်း သူတို့ရဲ့လေ့လာချက်တွေကို အထောက်အထားနှင့် တင်ပြလာတဲ့အခါ တချို့အကြောင်းအရာတွေဟာ မယုံနိုင်စရာဖြစ်အောင် တွေ့လာရပါတယ်။ လက်တွေ့အသုံးပြုဖို့ကတော့ ကိုယ်ပိုင်အတွေ့အကြုံနှင့် အန္တရာယ်မရှိနိုင်မှု၊ အကျိုးဖြစ်ပေါ်မှုပေါ်မှာမူတည်ပြီး ဆုံးဖြတ်ကြရမှာပါ။

ဒေါက်တာကံညွန့်

စိတ်ကျရောဂါ ဘာကြောင့်ဖြစ်

စိတ်ရောဂါတစ်မျိုးဖြစ်တဲ့ Depression ခေါ်တဲ့ စိတ်ကျရောဂါဟာ ဦးနှောက်ထဲမှာ ဓာတုပစ္စည်းတစ်မျိုးဖြစ်တဲ့ Seretonin ဆိုတဲ့ ဓာတ်နည်းပါးလို့ဖြစ်ရတာလို့ ယခင်ကပဲ သတ်မှတ်ထားခဲ့ကြတာပါ။ Seretonin ဆိုတာ ခန္ဓာကိုယ်မှာ သဘာဝအတိုင်းထွက်နေတဲ့ စိတ်ကြည်စေတဲ့ ဟိုမုန်းဓာတ်တစ်မျိုးပါ။ ဒါပေမယ့် အခုတစ်ခါ အသစ်ပေါ်လာတဲ့ လေ့လာချက်တစ်ခုအရ ဦးနှောက်အတွင်းရောင်ရမ်းမှု Inflammation ဟာလည်း စိတ်ကျရောဂါကို ဖြစ်စေနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ၁၉၈၀ ခုနှစ်လောက်က သုတေသီတချို့ဟာ တိရစ္ဆာန်တချို့ကို Inflammation ခေါ် ရောင်ရမ်းမှုတွေဝေဒနာခံရအောင် ဗက်တီးရီးယားပိုးတွေထိုးပြီး စမ်းခဲ့ကြပါတယ်။ ဒီကြွက်တွေဟာ မကြာခင်မှာပဲ လှုပ်ရှားမှုနည်းသွားပြီး မစားချင်မသောက်ချင်ဖြစ်ကာ စိတ်ကျရောဂါရဲ့ လက္ခဏာတွေ တွေ့ရတယ်လို့ဆိုပါတယ်။ နောက်လေ့လာချက်တစ်ခုမှာတော့ စိတ်ကျရောဂါခံစားနေရသူတွေရဲ့ သွေးကိုစမ်းကြည့်တဲ့အခါ Inflammation ဖြစ်နေတဲ့သူတွေမှာ တွေ့ရတတ်တဲ့ C Reactive Protein ဆိုတဲ့ ဓာတ်တစ်မျိုး မြင့်နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒီလူတွေကို ရောင်ရမ်းမှုသက်သာစေတဲ့ ဆေးတစ်ခုပေးပြီး စမ်းကြည့်လိုက်တဲ့အခါ ဒီဓာတ်နည်းသွားတာနှင့်အတူ စိတ်ကျရောဂါလက္ခဏာတွေဟာလည်း သက်သာသွားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်းထဲမှာ Inflammation ခေါ် ရောင်ရမ်းမှုတစ်ခုခုဟာ စိတ်ကျရောဂါဖြစ်စေနိုင်တယ်ဆိုတာကို လက်ခံရမှာ ဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နှလုံးသွေးကြောချဲ့ပစ္စည်းသစ်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ နှလုံးသွေးကြောကျဉ်းရောဂါခံစားနေရသူတွေမှာ By-Pass ခေါ် နှလုံးသွေးကြောအစားထိုး ခွဲစိတ်ကုသဖို့ မလိုသေးတဲ့လူတွေအတွက် STENT ခေါ်တဲ့ နှလုံးသွေးကြောချဲ့အရာလေးကို သွေးကြောထဲထည့်ပြီး ကုသလာခဲ့ကြပါတယ်။ ဒီလို ကုသရသူတွေအတွက် ယခင် STENT ရိုးရိုးထက် ပိုပြီးကောင်းမွန်တဲ့ သူ့အလိုလို ကျယ်နိုင်ကျဉ်းနိုင်တဲ့ Self Expanding STENT တစ်ခုကို ပြင်သစ်နိုင်ငံ French Medical Technology Firm တစ်ခုက တီထွင်လိုက်ပါပြီ။ သူအသစ်ထွင်လိုက်တဲ့ STENTဟာ ယခင်သုံးခဲ့တဲ့ STENT မျိုးထက် အသက်ရှင်နိုင်ဖို့ ပိုပြီးအာမခံချက်ရှိတယ်လို့ ဆိုပါတယ်။ လူ ၁၀၀၀ ကို စမ်းသပ်အသုံးပြုခဲ့ရာမှာ သေဆုံးမှုနှုန်းဟာ ပိုနည်းလာတယ်လို့ သိရပါတယ်။ ယခင်သာမန် STENT သုံးသူတွေမှာ သေဆုံးနှုန်းဟာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအသစ်ပေါ်လာတဲ့ STENT မှာတော့ ၉ ဒသမ ၃ ရာခိုင်နှုန်းသာရှိပြီး နောက် စမ်းသပ်မှုတစ်ခုမှာတော့ ယခင် STENT ထည့်သူတွေမှာ ၃ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ယခု STENT အသစ်ထည့်သူတွေမှာ တစ်ဝက်နီးပါးဖြစ်တဲ့ ၂ ရာခိုင်နှုန်းသာရှိခဲ့တယ်လို့သိရပါတယ်။ ယခုအခါ ဒီ STENT အသစ်ကို ပြင်သစ်နိုင်ငံနှင့် ဥရောပနိုင်ငံတွေမှာ အသုံးပြုနေကြပြီး အမေရိကန်နိုင်ငံမှာတော့ FDA အဖွဲ့ကြီးရဲ့ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

မျိုးဗီဇနှင့်ကျန်းမာရေး

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ လူတိုင်းစိတ်ဝင်စားကြမယ့် Gene ပြဿနာပါ။ မကြာသေးခင်ကပဲ နာမည်ကျော်ရုပ်ရှင်မင်းသမီး အန်ဂျလီနာဂျိုလီဟာ သူ့မှာ ရင်သားကင်ဆာဖြစ်နိုင်တဲ့ Gene(BRCA-1) ပါနေတာကြောင့် သူ့ရင်သားကို ဘာမှမဖြစ်ခင် ထုတ်ပစ်လိုက်တဲ့သတင်းပါ။ အခုလည်း အမေရိကန်နိုင်ငံက ဆေးပညာအသင်းကြီး နှစ်ခုဖြစ်တဲ့ အမေရိကန်ကလေးကျန်းမာရေးအကယ်ဒမီ (American Academy of Paediatrics) နှင့်အမေရိကန်နိုင်ငံ ဆေးပညာဆိုင်ရာ မျိုးရိုးဗီဇကောလိပ် (American College of Medical Genetics and Genomics)အသင်းကြီး နှစ်ခုမှာ အချေအတင်ဆွေးနွေးခဲ့ရတဲ့ ကိစ္စတစ်ခုကို တင်ပြလိုပါတယ်။ ကလေးတွေရဲ့ DNA နှင့် မျိုးရိုးဗီဇကို ကလေးတွေငယ်စဉ်ကပင် လေ့လာထားသင့်တယ်ဆိုတဲ့ကိစ္စပါ။ တချို့ကလည်း လူကြီးအရွယ်ရောက်တော့မှ ဖြစ်လာနိုင်ခြေရှိတဲ့ရောဂါမျိုးတွေအတွက် ကလေးအရွယ်ကပဲ စစ်ဆေးမှု ပြုလုပ်ထားရင် ကလေးတွေရဲ့မိဘနှင့် ကလေးရဲ့စိတ်ဓာတ်ကို ထိခိုက်နိုင်တယ်လို့ မြင်ကြပါတယ်။ တချို့ကလည်း မွေးစအရွယ်ကပဲ အသက်ကြီးလာသည်အထိဖြစ်တတ်တဲ့ Sickle Cell Anaemia ခေါ်တဲ့ သွေးအားနည်းရောဂါနှင့် ဒီရောဂါရဲ့ ဆိုးကျိုးတွေဖြစ်တဲ့ သေနိုင်လောက်တဲ့ Sickle Cell Crisis နှင့် နာတာရှည်ရောဂါပြဿနာတွေ၊ ရင်သားနှင့် မျိုးဥကင်ဆာကို ဖြစ်စေနိုင်တဲ့ BRCA 1 and BRCA 2 Gene မျိုးတွေပါတဲ့ ကလေးတွေမှာ ကြိုတင်ကာကွယ်မှုတွေဟာ အကျိုးဖြစ်နိုင်တယ်လို့ ထောက်ပြထားပါတယ်။ အများကတော့ ကလေးငယ်တိုင်း သူတို့ရဲ့ Geneကို သိရှိအောင် စမ်းသပ်ထားခြင်းဟာ ကလေးနှင့် လူကြီးတွေ ဖြစ်လာရင် ကြုံတွေ့နိုင်တဲ့ ကျန်းမာရေးပြဿနာကို ဖြေရှင်းရာမှာ အထောက်အကူပြုနိုင်တယ်ဆိုတာ လက်ခံကြကြောင်း တင်ပြလိုက်ရပါတယ်။

ကော်ဖီ၊ ရေနွေးကြမ်းက လေဖြတ်ခြင်းကာကွယ်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကော်ဖီနှင့် ရေနွေးကြမ်း (Green Tea)ကို နေ့စဉ်သောက်သုံးခြင်းဖြင့် နှလုံးလေဖြတ်ခြင်း၊ ဦးနှောက်ကြောင့် လေဖြတ်ခြင်းတို့ကို ကာကွယ်နိုင်တယ်ဆိုတဲ့ ကြီးမားကျယ်ပြန့်တဲ့ လေ့လာထားချက်တစ်ခုအကြောင်းပါ။ ဒီလေ့လာချက်ကို ဂျပန်နိုင်ငံ Japan's National Cerebral and Cardiovascular Centre က ဦးဆောင်ပြုလုပ်ခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံထုတ် Stroke Journal of American Heart Association ဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီလေ့လာချက်ဟာ ဂျပန်နိုင်ငံက လူပေါင်းရှစ်သောင်းကျော်ကို ၁၃ နှစ်ကြာ လေ့လာထားတာဖြစ်ပါတယ်။ သူတို့လေ့လာထားချက်အရ ကော်ဖီတစ်ခွက် နေ့စဉ်ပုံမှန်သောက်နေသူဟာ လုံးဝမသောက်သူထက် လေဖြတ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း သက်သာပြီး ရေနွေးကြမ်းတစ်နေ့ကို သုံးခွက်သောက်နေသူတွေက လုံးဝမသောက်သူတွေထက် ၁၄ ရာခိုင်နှုန်း သက်သာနိုင်တယ်၊ လေးခွက်သောက်သူတွေက ၂၀ ရာခိုင်နှုန်း သက်သာနိုင်တယ်လို့ ဆိုပါတယ်။ နေ့စဉ် ကော်ဖီတစ်ခွက်နှင့် ရေနွေးကြမ်းနှစ်ခွက် ပုံမှန်သောက်သူက ၃၂ ရာခိုင်နှုန်း သက်သာနိုင်တယ်လို့ ထောက်ပြထားပါတယ်။ ယခုလေ့လာခဲ့တဲ့ လူတွေကတော့ အသက် ၄၅ နှစ်မှ ၇၄ နှစ် အရွယ်တွေဖြစ်ပြီး သူတို့လူနေမှုစတိုင်၊ အရက်၊ ဆေးလိပ်သောက်သုံးမှုနဲ့ နဂိုရှိနိုင်တဲ့ သွေးတိုးဆီးချိုရောဂါတွေကိုလည်း ကုသမှုတွေပေးပြီး လေ့လာခဲ့တာလို့ သိရပါတယ်။ ဒီလေ့လာမှုဟာ ကော်ဖီနှင့်ရေနွေးကြမ်းသောက်သုံးမှုရဲ့ အကျိုးရှိအရေးပါပုံကို အကြီးကျယ်ဆုံး လေ့လာထားတဲ့ စာတမ်းတစ်စောင်ဖြစ်လို့ အများသိနိုင်အောင် တင်ပြလိုက်ရပါတယ်။

ရိုးတွင်းခြင်ဆီအစားထိုးမှုနှင့် HIV

ဆေးပညာသတင်းတွေကလည်း လေ့လာသူတွေများလေ တိုးပွားလာလေဖြစ်ပါတယ်။ ယခုလည်း HIV Postive ဖြစ်နေတဲ့ AIDS ဝေဒနာရှင်နှစ်ဦးမှာ သွေးကင်ဆာရောဂါကိုပါ သံသယဖြစ်စရာတွေ တွေ့နေရတဲ့အတွက် သူတို့နှစ်ဦးကို Bone Marrow အစားထိုး ကုသမှုပေးခဲ့ကြပါတယ်။ ဒီလိုကုသမှုပေးပြီး ခုနစ်ပတ်အကြာမှာ တစ်ခါ၊ ၁၅ ပတ်အကြာမှာ တစ်ခါ သူတို့သွေးကို စမ်းကြည့်တဲ့အခါ HIVပိုး လုံးဝမတွေ့ရဘူးဆိုတဲ့ သတင်းပါ။ ဒါကိုတော့ အမေရိကန်နိုင်ငံ Boston မြို့ Brigham Women Hospital က ဆရာဝန်နှစ်ဦးရဲ့ တွေ့ရှိချက်ကို အမေရိကန်နိုင်ငံ ဆေးသုတေသနအဖွဲ့ထံမှာ သတင်းပို့ပေးထားတာပါ။ သူတို့အဆိုအရ ဒါဟာ HIVပိုး လုံးဝပျောက်သွားတယ်ဆိုတာပြောဖို့ အနည်းဆုံး တစ်နှစ်ခန့် စောင့်ကြည့်ဖို့လိုမယ်လို့ ဆိုပါတယ်။ ဒီလို Bone Marrow Transplant လုပ်တယ်ဆိုတာ သွေးကင်ဆာရှိတဲ့လူတွေမှာ ပြုလုပ်ကြတာဖြစ်တဲ့အပြင် ၁၅ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းအထိ သေဆုံးနိုင်တဲ့ အခြေအနေရှိတာကြောင့် ဒါကိုတော့ ကုသမှုတစ်ခုအဖြစ် ပြုလုပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ဆေးပညာရှင်တွေက ထောက်ပြထားတာကို တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မော်ကျွန်းမြို့နယ်၌ ခွေးရူးပြန်ရောဂါဖြင့် အမျိုးသားတစ်ဦးသေဆုံး

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၁၀) ရပ်ကွက် ယင်းမာလမ်းတွင် နေထိုင်သော အသက် (၂၉ နှစ်)ရှိ အမျိုးသားတစ်ဦး ခွေးကိုက်ခံရပြီး ခွေးရူးရောဂါဖြင့် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက ခုတင်(၁၀၀) ပြည်သူ့ဆေးရုံတွင် သေဆုံးသွားကြောင်း အဆိုပါရပ်ကွက်နေ ပြည်သူများက ပြောသည်။

"အချို့အိမ်တွေဆို ခွေးတွေအစာကျွေးပြီးမွေးထားတယ်၊ ခွေးကိုက်ရင် တာဝန်မယူဘူး၊ ငွေကြေးချို့တဲ့သူတွေ ခွေးကိုက်ခံရပြီဆိုရင် ခွေးရူးကာကွယ်ဆေးထိုးဖို့ မတတ်နိုင်ဘူး၊ အလွယ်တကူဆေးမြီးတိုတွေနဲ့ ကုကြတယ်။ အခုလို နှစ်ဆယ်ကျော်နဲ့ အသက်ဆုံးရှုံးရတော့ နိုင်ငံအတွက် လုပ်အားတွေဆုံးရှုံးသွားသလို ခံစားရပါတယ်"ဟု အမှတ်(၇)ရပ်ကွက်နေ ကိုအငယ်လေးက ဆိုသည်။

ယခုလို အန္တရာယ်ဆိုး မကြုံတွေ့ရအောင် အိမ်မွေးခွေးများကို ခွေးရူးကာကွယ်ဆေးထိုးထားဖို့ လိုသလို ခွေးလေခွေးလွင့်များကိုလည်း သုတ်သင် ရှင်းလင်းသင့်ကြောင်း၊ ခွေးကိုက်ခံရပါက ဆေးမြီးတိုများဖြင့် မကုသသင့်ကြောင်း၊ မတော်တဆ ခွေးကိုက်ခံရပါက သက်ဆိုင်ရာ ဆရာဝန်များနှင့် ပြသ၍ ကြိုတင်ကာကွယ်ဆေးထိုးဖို့ လိုအပ်ကြောင်း မြို့နေပြည်သူတစ်ဦးက ဆိုသည်။

အဆိုပါဖြစ်စဉ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း အောက်တိုဘာလ ပထမပတ်အတွင်းက မြင်းကိုက်ခံရသဖြင့် လူတချို့ ဒဏ်ရာရရှိသွားကြောင်း ၎င်းမြင်းကို သက်ဆိုင်ရာက စစ်ဆေးရာ ခွေးရူးရောဂါရှိသဖြင့် ဒဏ်ရာရသူများနှင့် ရပ်ကွက်နေပြည်သူများကို အချိန်မီ ကာကွယ်ဆေးထိုးနိုင်ခဲ့သဖြင့် ခွေးရူးရောဂါအန္တရာယ်ဘေးမှ ကင်းဝေးသွားကြောင်း ရန်ကုန်မြို့နေ မော်ကျွန်းမြို့သားတစ်ဦးက ဆိုသည်။ မြို့နယ်အသီးသီးရှိ တိ/ကုများနှင့် NGOများက ခွေးရူးကာကွယ်ဆေးများကို အိမ်မွေးတိရစ္ဆာန်များအား အခမဲ့ထိုးနှံပေးလျက်ရှိသည်။

ဇော်လင်းဖြိုး(မော်ကျွန်း)

မော်လူး အောက်တိုဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတိုက်နယ်အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်းစုံမှ အုပ်ချုပ်သူ ဆရာ ဆရာမများ ဦးဆောင်၍ အားကစားသမား ဖြစ်ကြသည့် ကျောင်းသား ကျောင်းသူများသည် အခြေခံပညာ အထက်တန်းကျောင်း (မော်လူး)တွင် စုစည်းကာ အောက်တိုဘာ ၂၈ ရက် နံနက် ၁၁ နာရီက အားကစားပြိုင်ပွဲများကို ယှဉ်ပြိုင်ရန် အင်းတော်မြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။**(ယာပုံ)**

အင်းတော်မြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို ကျင်းပမည်ဖြစ်သဖြင့် မော်လူးတိုက်နယ် အခြေခံပညာ ကျောင်းပေါင်းစုံမှ အားကစားသမား ကျောင်းသား ကျောင်းသူများ သွားရောက်ယှဉ်ပြိုင်ကြသည်။ အားကစားပြိုင်ပွဲများမှာမူလတန်းအဆင့် အသက် ၁၀ နှစ်အောက် (ကျား) ဘောလုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် (ကျား/မ) အသက် ၁၆ နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ထိုအားကစားပြိုင်ပွဲများသို့ မော်လူးတိုက်နယ်ရှိ အခြေခံပညာ ကျောင်းပေါင်းစုံမှ အားကစားသမား ကျောင်းသားကျောင်းသူ ၅၃ ဦးကို အုပ်ချုပ်သူ ဆရာဆရာမ ၁၇ ဦးတို့က ဦးဆောင်ကာ သွားရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ခင်မောင်ဆွေ(မော်လူး)

မော်လူးမှ ကျောင်းသားကစားသမားများ အင်းတော်သို့ ထွက်ခွာ

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 23rd ASEAN Armies Rifle Meet (23rd AARM) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြိုင်ပွဲဝင်အာဆီယံနိုင်ငံ တပ်မတော်များမှ ဒုတိယ (ကြည်း) တပ်ဦးစီးချုပ်များ၊ မြန်မာ့တပ်မတော်အရာရှိကြီးများ၊ စစ်သံမှူးများ၊ ပြိုင်ပွဲဝင်သေနတ်ပစ်အသင်းများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြင်ဦးလွင် တပ်နယ်ရှိ ဗိုလ်လောင်းများက မြန်မာ့လုံ့သိုင်း သရုပ်ပြခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးလုံ့စွပ်ဖြင့် သရုပ်ပြခြင်း၊ တိုက်ကွမ်ဒိုလေ့ကျင့်ခန်းသရုပ်ပြခြင်းနှင့် တိုက်ပွဲဝင်ကိုယ်လက်ကြံ့ခိုင်ရေး လက်နက်မဲ့သရုပ်ပြခြင်း အားကစားစွမ်းရည်များကို အသီးသီးသရုပ်ပြကြသည်။

ထို့နောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းဖြစ်သော We're The One ဖြင့် ကြိုဆိုနှုတ်ခွန်းဆက် ကပြဖျော်ဖြေကြသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် ဘရူနိုင်းနိုင်ငံ သေနတ်ပစ်အသင်း၊ ကမ္ဘောဒီးယားနိုင်ငံ သေနတ်ပစ်အသင်း၊ အင်ဒိုနီးရှားနိုင်ငံသေနတ်ပစ်အသင်း၊ လာအိုနိုင်ငံ သေနတ်ပစ်အသင်း၊ မလေးရှားနိုင်ငံသေနတ်ပစ်အသင်း၊ မြန်မာနိုင်ငံသေနတ်ပစ်အသင်း၊ ဖိလစ်ပိုင်နိုင်ငံသေနတ်ပစ်အသင်း၊ စင်ကာပူနိုင်ငံသေနတ်ပစ်အသင်း၊ ထိုင်းနိုင်ငံ သေနတ်ပစ်အသင်းနှင့်ဗီယက်နမ်နိုင်ငံ သေနတ်ပစ်အသင်းများက စစ်ရေးပြကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းအား အလေးပြုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး လှဌေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ပြိုင်ပွဲဝင် အာဆီယံနိုင်ငံ တပ်မတော်များမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ်များသည် မိမိတို့နိုင်ငံအလိုက် ပြိုင်ပွဲဝင်သေနတ်ပစ်အသင်းသားများကို လိုက်လံတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကြပြီး Novelty Shoot ပစ်ခတ်စင်များအား ပစ်ခတ်ကြသည်။

ထို့နောက် Novelty Shoot ပစ်ခတ်စင်များတွင် ဆုရရှိသူများအား ဗိုလ်ချုပ်ကြီးလှဌေးဝင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်ပြိုင်ပွဲဝင် အာဆီယံနိုင်ငံ တပ်မတော်များမှ ဒုတိယ(ကြည်း) တပ်ဦးစီးချုပ်များသည် တပ်မတော်စက်ပစ်ကွင်းအတွင်း၌ အထိမ်းအမှတ်ခရေပင်များကို အသီးသီးစိုက်ပျိုးပေးကြပြီး AARM Village အတွင်းရှိ Exhibition Hall အတွင်းခင်းကျင်းပြသထားသော ကာကွယ်ရေးပစ္စည်းစက်ရုံများမှ ထုတ်လုပ်ထားသည့် လက်နက်များ (ဝဲပုံ)၊ စက်မှုအင်ဂျင်နီယာပြခန်း၊ လျှပ်စစ်နှင့်သုတနည်းပညာပြခန်း၊ ရေကြောင်းအင်ဂျင်နီယာပြခန်းနှင့် လေကြောင်းအင်ဂျင်နီယာပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၂၃) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲအထိမ်းအမှတ်ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြင်ဦးလွင် ဂေါက်ကွင်းတွင်ကျင်းပရာ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ အာဆီယံနိုင်ငံများမှ ဒုတိယ (ကြည်း) တပ်ဦးစီးချုပ်များ၊ မြန်မာ့တပ်မတော် အရာရှိကြီးများ ပါဝင်ယှဉ်ပြိုင် ကစားကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ အနီးစခန်းရှိ ဓာတ်တော်ချိုင့်ဟိုတယ်ရှိဗျူးပွိုင့်မှနေ၍ နေဝင်ဆည်းဆာအလှနှင့် ဓာတ်တော်ချိုင့်ရေတံခွန်ရှုခင်းများကို ကြည့်ရှုကြပြီး သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဓာတ်တော်ချိုင့်ဟိုတယ်၌ ကျင်းပကာ ချစ်ကြည်ရေး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲတွင် ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေစဉ်။

ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

နေပြည်တော်ကောင်စီနယ်မြေအတွင်း အောက်တိုဘာ ၂၆ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ၂၇ ရက် ညပိုင်းက ပေါင်းလောင်းမြစ်ရေလျှံတက်ခဲ့ရာ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကြို့တန်း၊ အင်းသာ၊ သာယာစုကျေးရွာများအတွင်း ရေဝင်ရောက်ခဲ့သည်။

အဆိုပါကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား တောင်ဇလုပ်ဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၂၈ ရက်မှစ၍ ယာယီပြောင်းရွှေ့ချထားပေးလျက်ရှိသည်။ ရေဘေးသင့်ပြည်သူများ၏ အစားအသောက်နှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းသည် ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆန်းမော်တို့နှင့်အတူ နေပြည်တော်ကောင်စီနှင့် ပျဉ်းမနားမြို့နယ် မြို့မိမြို့ဖများက လှူဒါန်းသည့် ငွေကျပ် ၁၅၇၂၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ အာလူး၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများကို ယနေ့ မွန်းလွဲပိုင်းတွင် ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

အနီးဝန်းကျင်ရှိ တပ်ရင်းတပ်ဖွဲ့များမှ ဆေးတပ်ဖွဲ့ဝင်များနှင့် ပျဉ်းမနားမြို့ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံ ကျန်းမာရေးဝန်ထမ်းများကလည်း ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ အကျယ်တဝင့် သိရှိစေရန် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်က ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး မန္တလေးခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်းနှင့် အခြေခံကောက်ယူမည့် မေးခွန်းပုံစံ အချက် ၄၁ ချက်ကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်လွင်လွင်ညွန့် **(အောက်ပုံ)** က အထောက်အကူပြုကော်မတီများ၏လုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားကာ ပြည်သူများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ပြောကြားကြကြောင်း သိရသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၉

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် အောက်တိုဘာ ၂၈ ရက် ည ၉ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေအမှတ်အထက် ၃၅ စင်တီမီတာ ၁ ဒသမ ၁ ပေခန့် ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ၁၅ စင်တီမီတာ (ပေဝက်ခန့်) ဆက်လက်တက်လာနိုင်ပြီး စိုးရိမ်ရေအမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **(သတင်းစဉ်)**

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန်မွန်းလွဲ ၂ နာရီ ၂၃ မိနစ် ၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၁၂ မိုင်ခန့်ကွာဝေးသောမြန်မာနိုင်ငံပြည်တွင်း(ကလေးဝမြို့၏ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❐ *ရှေ့ဖုံးမှ*

တည်ငြိမ်ရင့်ကျက်သည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် စံနမူနာပြ ပေါ်ထွန်းလာလျက်ရှိပါကြောင်း၊ အာဆီယံသည် အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်းနေရုံမျှမက ဒေသအတွင်း အာဆီယံကိုအခြေပြုပြီး ပေါ်ထွန်းလာနေသည့် ပိုမိုကျယ်ပြန့်သော ဒေသဆိုင်ရာ အဖွဲ့အစည်းများကို ဦးစီးဦးဆောင် ထူထောင်နိုင်ခဲ့သည့်အပြင် ယင်းအဖွဲ့အစည်းမျိုးကို ဦးဆောင်ရမည့် မြန်မာနိုင်ငံအနေဖြင့် အလွန်ဂုဏ်ယူစရာဖြစ်သကဲ့သို့ တာဝန်မည်မျှကြီးလေးမည်ကိုလည်း မှန်းဆကြည့်နိုင်ပါကြောင်း။

မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ် အာဆီယံကိုဝင်ရောက်ပြီးချိန်မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးကို တာဝန်ယူရန် အာဆီယံခေါင်းဆောင်များက တစ်ညီတစ်ညွတ်တည်း သဘောတူညီခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးတာဝန် ထမ်းဆောင်ခြင်းသည် အာဆီယံ ပဋိညာဉ်စာတမ်းအရ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ လွတ်လပ်၊ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံရေးရာများတွင် မြန်မာနိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ရန် ကြိုးပမ်းခြင်းတစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ ၂၀၁၅ ခုနှစ်အကုန်တွင် ပေါ်ပေါက်လာမည့် အာဆီယံ အသိုက်အဝန်းကြီးအတွက် နောက်ဆုံးပြင်ဆင်ရမည့်နှစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့် ၂၀၁၄ ခုနှစ်သည် အာဆီယံအတွက် အရေးကြီးသောနှစ် ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် လက်ဆောင်ပစ္စည်းနမူနာများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အာဆီယံဥက္ကဋ္ဌသည် အာဆီယံ၏မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်း၊ တူညီဆန္ဒရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးကြိုးပမ်းမှုများအပါအဝင် အာဆီယံ၏အကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာကို တက်ကြွစွာတိုးမြှင့်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

အာဆီယံ၏ ဦးဆောင်မှုဖြင့် ဗဟိုအချက်အချာကျမှုကို ဖော်ဆောင်ပေးရမည် ဖြစ်ပါကြောင်း၊ အရေးပေါ် အခြေအနေများသို့မဟုတ် အာဆီယံကို ထိခိုက်စေသည့် အကျပ်အတည်းများဖြစ်လာလျှင် ဥက္ကဋ္ဌအနေဖြင့် ကြားဝင်ဆောင်ရွက်ပေးခြင်း၊ အခြားနည်းလမ်းအစီအစဉ်များဖြင့် ဆောင်ရွက်ခြင်းစသည်ဖြင့် အချိန်မီထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

အာဆီယံ၏ ပြင်ပမိတ်ဖက်များနှင့် ပိုမိုနီးကပ်သည့်ဆက်ဆံရေးရရှိရန်နှင့် ခိုင်မာတိုးတက်စေရန်အတွက်လည်း အာဆီယံဥက္ကဋ္ဌသည် အာဆီယံကို ကိုယ်စားပြုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုအချက်များကိုကြည့်လျှင် အာဆီယံဥက္ကဋ္ဌတာဝန်သည် မည်မျှကြီးလေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မိမိတို့ထမ်းဆောင်ရမည့်တာဝန်ကို အကျေအလည်သိရှိထားရှိပြီး ယင်းတာဝန်ကို ကျေပွန်အောင် တက်တက်ကြွကြွနှင့် တစိုက်မတ်မတ်ထမ်းဆောင်သွားကြရန်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော မြန်မာနိုင်ငံ၏လွတ်လပ်၊ တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏လက်ရှိနိုင်ငံရေး၊ စီးပွားရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံကို အာဆီယံနိုင်ငံများအတွင်း စံနမူနာပြ နိုင်ငံတစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာစေပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အနှစ်သာရပြည့်ဝစွာ အကောင်အထည်ဖော်လာနိုင်ခဲ့ပါကြောင်း။

အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခြင်းသည် အာဆီယံအသင်းဝင်တစ်ဦး၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြစ်၍ နိုင်ငံတကာနှင့် ဒေသအတွင်း မြန်မာနိုင်ငံ၏ ဦးဆောင်မှုအခန်းကဏ္ဍ၊ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ဇာတိမာန်ကိုပြသနိုင်ရန် အခွင့်အလမ်းများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုကို စိတ်အားထက်သန်စွာဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်တက်ကြွကြွဆောင်ရွက် အကောင်အထည်ဖော်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာကံဇော်နှင့် ဦးအေးမြင့်ကြူတို့က အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့်စပ်လျဉ်းသည့် ဆပ်ကော်မတီဥက္ကဋ္ဌများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခွင့်ရခြင်းသည် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါကြောင်း၊ နိုင်ငံကိုကိုယ်စားပြု၍ တာဝန်ထမ်းဆောင်ခွင့်ရခြင်း ဖြစ်သည့်အတွက် အစိုးရသာမက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခြင်းဖြင့် အာဆီယံနိုင်ငံများအတွင်းသာမက ကမ္ဘာကိုပါ မိမိတို့နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် မိမိတို့၏လုပ်ငန်းစွမ်းဆောင်ရည်ကို ပြသနိုင်မည့်အခွင့်အရေးဖြစ်ပါကြောင်း၊ ဒီမိုကရေစီကျင့်သုံးစ မိမိတို့နိုင်ငံအနေဖြင့် အသွင်ကူးပြောင်းသည့် သုံးနှစ်တာကာလတွင်းဒေသတွင်းနှင့် နိုင်ငံတကာ အစည်းအဝေးကြီးများကို အောင်မြင်စွာ ကျင်းပနိုင်သည်ကို ကမ္ဘာကို ပြသရမည်ဖြစ်ပါကြောင်း။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်သည် လုပ်ငန်းပမာဏကျယ်ပြန့်ကြီးမားပါကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းတာဝန်များကို မိမိတို့ဝန်ကြီးဌာနများ၊ ဆပ်ကော်မတီများက ဆောင်ရွက်ကြရာတွင် မိမိတို့ဌာနတစ်ခုတည်း၊ တစ်ဖွဲ့တည်းဆောင်ရွက်ခြင်းမျိုးမလုပ်ဘဲ ဌာနတစ်ခုနှင့်တစ်ခု၊ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြမည့် ခေါင်းဆောင်များ၊ တက်ရောက်လာကြသူများအား ပေးအပ်မည့် လက်ဆောင်ပစ္စည်း နမူနာများ၊ ရင်ထိုးတံဆိပ်နမူနာပုံစံများ၊ အခမ်းအနားကျင်းပမည့်ခန်းမများ ပြီးစီးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ တစ်နှစ်ကြာ တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ထိုသို့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အစည်းအဝေးပေါင်း ၂၄၀ ကျော်ကို လက်ခံကျင်းပမည်ဖြစ်ကာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုဂံ-ညောင်ဦးမြို့တို့၌ အစည်းအဝေးများကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆင်းအောင်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအမှတ်စဉ် (၃/၂၀၁၃) သင်တန်းဆင်းအောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သင်တန်းသားများအနေဖြင့် ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာ့ယဉ်ကျေးမှုကိုစောင့်ထိန်းလိုက်နာသူများဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟန်ဂေရီအစိုးရကိုယ်စား ကွန်ပျူတာပစ္စည်းများလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၉

ဟန်ဂေရီအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီသံအမတ်ကြီး H.E. Mr. Danes TOMAJ သည် မြန်မာနိုင်ငံအစိုးရကိုယ်စား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းထံသို့ ကွန်ပျူတာပစ္စည်းများလွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို အောက်တို ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသည် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံအား ထောက်ခံသည့်အနေဖြင့် ဟန်ဂေရီအစိုးရမှ နည်းပညာအကူအညီပေးရေးဆိုင်ရာ Hungarian Forint ၉၅၆၇၈၀၀ (အမေရိကန်ဒေါ်လာ ၄၃၃၇၉ ဒသမ ၅၇) တန်ဖိုးရှိ ကွန်ပျူတာပစ္စည်းများအား လှူဒါန်းခြင်းဖြစ်သည်။

ထိုကဲ့သို့ ဟန်ဂေရီအစိုးရမှ ကွန်ပျူတာပစ္စည်းများ လှူဒါန်းခြင်းသည် မြန်မာအာဆီယံ အလှည့်ကျဥက္ကဋ္ဌအား အပြည့်အဝထောက်ခံခြင်းဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် အာဆီယံစီးပွားရေးအသိုက်အဝန်းဆီသို့ တက်လှမ်းနိုင်ရန်အတွက်လည်းကောင်း၊ မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံအကြား ရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်နိုင်ရန်အတွက်အထောက်အပံ့ပြုခြင်းလည်းဖြစ်သည်။ အခမ်းအနားသို့ မြန်မာသံရုံးမှစစ်သံမှူးနှင့် သံရုံးဝန်ထမ်းများ၊ ဟန်ဂေရီသံရုံးမှ သံရုံးဝန်ထမ်းများ၊ မြန်မာအသိုင်းအဝိုင်းမှပုဂ္ဂိုလ်များ၊စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာသမားများလည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ

နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိ

ဒိုက်ဦး အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းက ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်္ဂလာခန်းမ၌ကျင်းပရာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်သူဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ အဓိကလိုလားချက်များကို ထိထိမိမိနှင့် လျင်လျင်မြန်မြန်ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေနှင့်လည်း အခက်အခဲများ အဆင်မပြေမှုများရှိပါက ဆွေးနွေးပေးလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားကိုယ်စားလှယ်များက ဆွေးနွေးတင်ပြသည့် ၁၀ ကေအောက်လုပ်ကိုင်သည့် လယ်သမားများအား မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ဆက်လက်၍ စိုက်ပျိုးစရိတ်ချေးငွေခွင့်ပြုရန်၊ လယ်ယာသုံးဓာတ်မြေဩဇာများ အရည်အသွေးပြည့်မီရေး စိစစ်ရန်၊ လယ်ယာလုပ်သား ရှားပါးလာမှုနှင့်လယ်ယာလုပ်အားခ ပိုမိုရရှိရေး၊ စက်မှုလယ်ယာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ နွေစပါးရေရရှိရေး၊ ကျေးလက်ဒေသရှိ စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် ကျေးလက်နေတောင်သူသား/သမီးများ ကျောင်းနေရေး၊ ဒိုက်ဦးမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံအား အဆင့်မြှင့်တင်ပေးရေး၊ ဒိုက်ဦးအထကနှင့် အိမ်ခြေလေးဆယ်အလကကျောင်းများရှိ ကျောင်းသားကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး ဆောင်ရွက်ပေးရေးတို့ကို ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ချက်ချင်းလက်ငင်းဆောင်ရွက်ပေးရမည့်အပိုင်း၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည့်အပိုင်းနှင့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီသို့ ဆက်လက်တင်ပြပေးမည့်အပိုင်းဟူ၍ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

တက်ရောက်ခဲ့

ယနေ့အခမ်းအနားတွင် ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားပေါင်း ၂၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ခဲ့ကာ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင် ကလေးတက္ကသိုလ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ယခု ပညာသင်နှစ်တွင် နေ့ကျောင်းသားကျောင်းသူအားလုံးပေါင်း ၄၅၀၀ ကျော်နှင့် အဝေးသင်ကျောင်းသားကျောင်းသူ ၄၃၀၀ ခန့်တို့က ပညာသင်ကြားကြကာ နှစ်စဉ် နှစ်တိုင်း ဘွဲ့ရမောင်မယ် ၁၀၀၀ ကျော် မွေးထုတ်နိုင်ခဲ့သည်။ ယခုအချိန်တွင် ကျောင်းသား ကျောင်းသူများအတွက် စာသင်ဆောင်များလုံလောက်မှုမရှိပါသဖြင့် လက်ရှိအသုံးပြုနေသော သုံးထပ်စာသင်ဆောင် ခြောက်ဆောင်အပြင် အလျား ၁၉၂ ပေ၊ အကျယ် ၁၈ ပေရှိ သုံးထပ်စာသင်ဆောင်သစ်သုံးဆောင်ကို ထပ်မံဆောက်လုပ်လျက်ရှိပြီး အဆိုပါစာသင်ဆောင်များ ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၁၉၉၆၉ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ဂျူနိုင်း

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၉

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ်အစည်းအဝေး ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြကာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရုပ်သိမ်းလိုက်

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဝါးတရာစက်မှုဇုန်နှင့် သာခုကန်စက်မှုဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက လုပ်သားအင်အား နှစ်သောင်းခွဲကျော် အလုပ်အကိုင်များရရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအား ထိခိုက်နိုင်ကြောင်း အဖွဲ့အစည်းအသီးသီးက ပြည်ထောင်စုအစိုးရအဖွဲ့အထိ တင်ပြကြသဖြင့် လမ်းဘေးဈေးသည်များအား အပြီးပြတ်ရှင်းလင်းခြင်းအစား နေရာတချို့တွင် အချိန်ပိုင်းသာ စည်းကမ်းဖြင့် ရောင်းချစေခြင်းဖြင့် ဖြေလျှော့မှုပေးထားပါကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **"ရန်ကုန်မြို့ လမ်းမကြီးများပေါ်တွင် ရောင်းချနေသာ လမ်းဘေးဈေးသည်များကို မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်သွားမည့် အစီအစဉ်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြေကြားစဉ်။
(သတင်းစဉ်)

ထို့ပြင်ဒုတိယဝန်ကြီးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ နှစ်စဉ်ရရှိနေသည့် လမ်းဘေးပုံကျဈေးကောက် ဝင်ငွေကျပ် ၀ ဒသမ ၈ ဘီလီယံအဆုံးရှုံးခံ၍ ၂၀၁၁ ခုနှစ် ဇွန်လ ၁ ရက်မှစ၍ ဈေးကောက် ကောက်ခံခြင်းမပြုတော့ဘဲ လမ်းဘေးဈေးသည် ရှင်းလင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ဖြေကြားခဲ့

အထူးသဖြင့် အစားအသောက်ရောင်းချသော လမ်းဘေးစားသောက်ဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနသည် သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံးများနှင့်ပူးပေါင်း၍ မြို့နယ်များအလိုက် အစားအသောက်များ ဖုံးအုပ်၍ စနစ်တကျကိုင်တွယ်ရောင်းချရန်နှင့် အမှိုက်သရိုက်နှင့် စားကြွင်းစားကျန်များအား ကိုယ်ပိုင်အမှိုက်ပုံး သို့မဟုတ် အမှိုက်အိတ်များအတွင်းထည့်၍ စည်းကမ်းတကျစွန့်ပစ်ရန် စဉ်ဆက်မပြတ် ပညာပေး

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းစဉ်။
(သတင်းစဉ်)

ဟောပြော ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဦးစိုးဝင်းက "လမ်းဘေးဈေးသည်တွေကို စနစ်တကျရောင်းချနိုင်ရေးနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေ ရောင်းချနိုင်ဖို့ကို နိုင်ငံတော်က ကူညီပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့မေးခဲ့တာပါ။ လက်ရှိ ရောင်းချနေတဲ့ အနေအထားကတော့ စနစ်တကျချထားပေးခြင်း မရှိတဲ့အတွက် ကြုံတဲ့နေရာမှာ ကြုံသလိုရောင်းချနေတဲ့ အနေအထားရှိပါတယ်။ ဒါလေးတွေကိုလည်း စနစ်တကျဆောင်ရွက်ပေးမယ်ဆိုရင်တော့ ပိုပြီးတော့ ကောင်းလိမ့်မယ်ထင်ပါတယ်။ လမ်းဘေးဈေးသည် လုံးဝပျောက်ဖို့ဆိုတာကတော့ မဖြစ်နိုင်ဘူးထင်ပါတယ်။ သူတို့နောက်မှာ မိသားစုဘဝတွေ ရှိသေးတာကိုး။ ဒီမိသားစုတွေအတွက် အခုလိုရှာဖွေနေခြင်းဖြစ်ပါတယ်။ သူတို့အတွက်လည်း တစ်ပိုင်းက စဉ်းစားပေးသင့်တယ်လို့ထင်ပါတယ်"ဟု ပြောပြခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **ရွှေပြည်သာစက်မှုဇုန်များ စနစ်တကျဖြင့် အမှန်တကယ် ပေါ်ထွက်လာရေး ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)ကို ၁၉၉၀ ခုနှစ်တွင် လည်းကောင်း၊ စက်မှုဇုန်အပိုင်း (၂)၊ (၃)၊ (၄) ကို ၁၉၉၈ ခုနှစ်တွင် လည်းကောင်း ဖော်ထုတ်ခဲ့ပါကြောင်း၊ ယခုအခါ အဆိုပါ စက်မှုဇုန်များသည် ဖွံ့ဖြိုးနေပြီဖြစ်ပြီး စက်ရုံပေါင်း ၄၄၂ ရုံတည်ဆောက်ပြီး စက်ရုံပေါင်း ၂၅၄ ရုံလည်ပတ်လျက်ရှိရာ လုပ်သားအင်အား ၁၉၆၂၀ ဦးအား အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ရွှေပြည်သာ စက်မှုဇုန်တွင် စက်မှုဇုန်(၄)ဇုန်အပြင် ဝါးတရာစက်မှုဇုန်နှင့် သာခုကန်စက်မှုဇုန်တို့ကို ၂၀၀၄ ခုနှစ်တွင် ထပ်မံဖော်ထုတ်ခဲ့ရာ လျှပ်စစ်ဓာတ်အားလိုအပ်မှုအခြေအနေနှင့် လယ်ယာမြေကိစ္စများကြောင့် စက်မှုဇုန်ဖွံ့ဖြိုးမှုနောက်ကျခြင်းဖြစ်ပြီး အဆိုပါလိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးပြီးရွှေပြည်သာစက်မှုဇုန်အပိုင်း (၁)၊ (၂)၊ (၃)၊ (၄) နှင့် ဖွံ့ဖြိုးလာမည့် ဝါးတရာစက်မှုဇုန်နှင့် သာခုကန်စက်မှုဇုန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက လုပ်သားအင်အား နှစ်သောင်းခွဲကျော် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို အောက်တိုဘာ ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်ပြောင်းလဲကောက်ခံမည့်ကိစ္စအား အသိပေးကြေညာခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ဓာတ်အားဝယ်ယူမှုကုန်ကျစရိတ်များ တတ်နိုင်သမျှ ကာမိစေရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ဓာတ်အားသုံးစွဲမှုအပေါ် မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် အောက်ပါတစ်ယူနစ်နှုန်းထားများအတိုင်း ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်လိုက်ပါသည်-

(က) **အများပြည်သူ (အိမ်သုံး)**

(၁)	၁ ယူနစ်မှ ၁၀၀ ယူနစ်အထိ	၃၅ ကျပ်
(၂)	၁၀၁ ယူနစ်နှင့်အထက်	၅၀ ကျပ်

(ခ) **အများပြည်သူ(စက်မှု၊ စီးပွားရေး၊ တစ်လုံးတစ်ခဲတည်း၊ ယာယီ)**

(၁)	၁ယူနစ်မှ ၅၀၀၀ယူနစ်အထိ	၁၀၀ ကျပ်
(၂)	၅၀၀၁ ယူနစ်နှင့် အထက်	၁၅၀ ကျပ်

(ဂ) **အစိုးရဌာန**

(၁)	ရုံးသုံး	၅၀ ကျပ်
(၂)	စက်မှုသုံး	၁၀၀ ကျပ်

၂။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်း ဓာတ်အားသုံးစွဲမှု ပမာဏများအပေါ် အပိုဒ်(၁)တွင် ဖော်ပြပါနှုန်းထားသစ်များနှင့် တွက်ချက်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ငွေတောင်းခံလွှာများပြုစုတောင်းခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဆိုင်ရာ ဥပဒေကြမ်းဆွေးနွေးညှိနှိုင်း

နေပြည်တော် အောက်တိုဘာ ၂၉

ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီသည် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့်အတူ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဆိုင်ရာဥပဒေကြမ်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ရုံး အိုင်ဆောင်အမှတ်(၂)၌ ကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူး ဒေါ်ထူးထူးငွေ၊ ဒုတိယညွှန်ကြားရေးမှူးဦးမင်းဆွေ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဦးခိုင်မောင်ရည်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမှာစကားပြောကြားကာ ဥပဒေကြမ်း၏ ပြင်ဆင်ချက်များကို ပုဒ်မအချက် တစ်ချက်ချင်းစီအလိုက် ဆွေးနွေးညှိနှိုင်း အတည်ပြုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

▲ *ကျောဖုံးမှ*

(ဂ) နိုင်ငံကူးလက်မှတ်တစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ငွေစာရင်းသို့ ပေးသွင်းထားသည့်ဘဏ်ချလန်(မူရင်း)

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) သက်သေခံ ကတ်ပြား (မူရင်း)

(င) အိမ်ထောင်စုစာရင်း(မူရင်း)

၂။ နိုင်ငံကူးလက်မှတ်ထောက်ခံချက်ပြုလုပ်လိုသူများအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆောင်ရွက်ရပါမည်။ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်မလာရောက်နိုင်ပါက အိမ်ထောင်စုစာရင်းဝင်တစ်ဦးဦးမှ ကိုယ်စားလာရောက်ဆောင်ရွက်နိုင်ပါသည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)ယူဆောင်လာရပါမည်။ ကိုယ်စားလာရောက်ဆောင်ရွက်ပါကနိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း(မူရင်း) တို့အား မပျက်မကွက်ယူဆောင်လာရပါမည်။)

၃။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ်ထောက်ခံချက်များကို စာရွက်စာတမ်းပြည့်စုံမှန်ကန်မှုရှိပါက နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံကူးလက်မှတ်တစ်စောင်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ငွေစာရင်းသို့ ကျပ် ၅၀၀ ပေးသွင်းရန်နှင့် နိုင်ငံကူးလက်မှတ်သုံးစောင်အတွက် လျှောက်ထားနိုင်သော လျှောက်လွှာပုံစံတစ်စောင်လျှင် ငွေကျပ် ၅၀၀ ကုန်ကျရန်မှအပ အခြားမည်သည့်အခကြေးငွေမျှ ပေးဆောင်ရန်မရှိ(မရှိ)ပါ။

၄။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အသိအမှတ်ပြုထားသော နိုင်ငံကူးလက်မှတ်ရှေ့နေစုစုပေါင်း ၈၁ ဦးရှိပြီး ယင်းစာရင်းတွင်မပါရှိသော ရှေ့နေများ၏ လက်မှတ်၊ တံဆိပ်တုံးများကို ထပ်ဆင့်ထောက်ခံပေးခြင်းမပြုပါ။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ်ရှေ့နေမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် စာရွက်စာတမ်းများကိုသာ ထပ်ဆင့်ထောက်ခံပေးမည်ဖြစ်ပြီး မြန်မာဘာသာအပါအဝင် အခြားမည်သည့်ဘာသာဖြင့် ရေးသားထားသည့် စာရွက်စာတမ်းကိုမျှ ထောက်ခံပေးမည်မဟုတ်ပါ။

၅။ ကျမ်းကျိန်လွှာနိုင်ငံကူးစာရွက်စာတမ်း ပြုလုပ်သူများအနေဖြင့် တရားရုံးမှ ခန့်အပ်ထားရှိသည့် ကျမ်းကျိန်သူအရာရှိများမှသာ လက်မှတ်ရေးထိုးဆောင်ရွက်သည့် နိုင်ငံကူးစာရွက်စာတမ်းများကို ထပ်ဆင့်ထောက်ခံပေးပါသည်။

၆။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ထပ်ဆင့်ထောက်ခံချက်ဆောင်ရွက်ပေးမည်မဟုတ်ပါ-

(က) အပျို/လူပျိုဖြစ်ကြောင်း စာရွက်စာတမ်းများ၊

(ခ) မြန်မာနိုင်ငံသားကလေးများအား နိုင်ငံခြားသားများမှ အမွေစားအမွေခံ(ကိတ္တိမ)အဖြစ် မွေးစားခြင်းများ၊

(ဂ) ပြည်ပမှရရှိလာသော အောင်လက်မှတ်များ၊ ဘွဲ့လက်မှတ်များ၊

(ဃ) ကိုယ်တိုင်ပြုစုထားသော ကိုယ်ရေးရာဇဝင် (CV) ကဲ့သို့သော စာရွက်စာတမ်းများ၊

(င) ကိုယ်ပိုင်အသေးစားလုပ်ငန်းများ(အပ်ချုပ်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်း) အစရှိသည့် အလုပ်အကိုင်ပြုလုပ်ခြင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ၊

(စ) သက်တမ်းကုန်ဆုံးနေသော စာရွက်စာတမ်းများ၊

(ဆ) တရားမဝင်သောစာချုပ်စာတမ်းများ၊

(ဇ) နိုင်ငံကူးရှေ့နေ၏ ထောက်ခံချက်သက်တမ်း(၆)လကျော်လွန်နေသည့် စာရွက်စာတမ်းများ၊

၇။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုင်ငံကူးထောက်ခံချက်ရယူရာ၌ အဆင်ပြေချောမွေ့စေရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနရှိ နိုင်ငံကူးဌာနစိတ်နှင့်သာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သွားပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။ အကယ်၍ စာရွက်စာတမ်းများမမှန်မကန်ပြုလုပ်ထားမှုများ သို့မဟုတ် အတုအပပြုလုပ်ထားမှုများအား စိစစ်တွေ့ရှိရပါက နိုင်ငံကူးထောက်ခံချက်အား ဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

သဘာဝဓာတ်ငွေ့ယိုစိမ့်မှု ပြုပြင်ပြီး

နေပြည်တော် အောက်တိုဘာ ၂၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မကွေး-ပျော်ဘွယ် ၁၄ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် နတ်မောက်မြို့အနီး မကွေး-ပျော်ဘွယ် ကားလမ်းနှင့် ပေ ၃၀၀၀ ခန့်အကွာနေရာ၌ သဘာဝဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသဖြင့် မန်းရေနံမြေမှ လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးမြင့်နိုင်ဦး ဦးဆောင်သောအဖွဲ့က သွားရောက်စစ်ဆေးပြုပြင်ခဲ့ရာ အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ပြုပြင်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ယာဉ်မောင်းအချင်းချင်းနားလည်မှုမရှိသဖြင့် ပုံတောင်ပုံညာတောင်ပေါ်လမ်းပိုင်း လမ်းပိတ်ဆို့မှုဖြစ်ပေါ်

ဂန့်ဂေါ အောက်တိုဘာ ၂၉

ဂန့်ဂေါ-ပုလဲ-မုံရွာမော်တော်ကားလမ်း မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၏နယ်စပ် ပုံတောင်ပုံညာ တောင်ပေါ်လမ်းပိုင်းတွင် မိုးရွာသွန်းချိန်များ၌ လမ်းချော်သဖြင့် မော်တော်ကားများ မောင်းနှင်သွားလာရန်ခက်ခဲပြီး လမ်းပိတ်ဆို့မှုဖြစ်ပေါ်တတ်သည်မှာ လမ်းမကောင်းမွန်ခြင်းသည် အဓိကအကြောင်းအရင်းဖြစ်သည်မှာ မှန်သော်လည်း မော်တော်ကားမောင်းနှင်သူ အချင်းချင်းမာနပြိုင် နားလည်မှုမပေးကြခြင်းသည်လည်း လမ်းပိတ်ဆို့မှုဖြစ်ပေါ်ရခြင်း၏ ဒုတိယအကြောင်းရင်းတစ်ရပ် ဖြစ်ကြောင်း ဂန့်ဂေါမြို့အခြေစိုက် ယာဉ်လိုင်းအချို့မှ ယာဉ်မောင်းများက သုံးသပ်ပြောဆိုကြသည်။

"ပုံတောင်ပုံညာ တောင်ပေါ်လမ်းပိုင်းမှာ မိုးရွာသွန်းတဲ့အခါ လမ်းပေါ်မှာရှိတဲ့ ရွှံ့စေးတွေကြောင့် လမ်းကချော်တယ်။ ကားနှစ်စီးမျက်နှာချင်းဆိုင် ဆုံတွေ့ကြတဲ့အခါ လမ်းဘေးချပြီးရှောင်တိမ်းရင် ယာဉ်အန္တရာယ်ဖြစ်မှာကို စိုးရိမ်ကြတယ်။ ဒီတော့ ကားနှစ်စီးလုံးက လမ်းဘေးကိုချပြီး ရှောင်တိမ်းမပေးကြဘဲ ခေါင်းချင်းဆိုင်ရပ်နေကြတော့ လမ်းပိတ်ဆို့မှု ဖြစ်တော့တာပဲ" ဟု ဂန့်ဂေါမြို့အခြေစိုက် ယာဉ်လိုင်းတစ်ခုမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ချိန်ကြာမြင့်လာသည်နှင့်အမျှ မော်တော်ယာဉ်အစီးရေမှာ ပိုမိုများပြားလာပြီး ရှောင်တိမ်းမောင်းနှင်သွားလာရန် ပိုမိုခက်ခဲလာလျက် ရံဖန်ရံခါ လမ်းပိတ်ဆို့မှုဖြစ်ပေါ်ချိန် ရက်သတ္တတစ်ပတ်ခန့်အထိ ကြာမြင့်တတ်ကြောင်း၊ သို့ဖြစ်၍ ယာဉ်ပေါ်ပါခရီးသည်များမှာ သွားလာရေး နှောင့်နှေးကြန့်ကြာသည့်အပြင် ရေနှင့် အစားအစာအတွက် အခက်အခဲ ကြုံတွေ့ရတတ်လေ့ရှိကြောင်း ၎င်းက ပြောသည်။

"လမ်းပိတ်ဆို့မှု ဖြစ်ပေါ်နေလို့ သွားလာရေးခက်ခဲနေကြတဲ့ ခရီးသည်တွေအတွက် သောက်ရေနဲ့အစားအစာကို အနီးပတ်ဝန်းကျင်ရွာတွေက အလှူပေးကြတာရှိသလို လာရောင်းကြတာလည်းရှိတယ်။ ရေသန့်တစ်ဘူး ငွေကျပ် ၁၀၀၀ နဲ့ ထမင်းတစ်ထုပ် ငွေကျပ် ၁၀၀၀ ပေးပြီး ဝယ်ယူခဲ့ရတယ်။ ဒါတောင်မှ ခရီးသည်ဦးရေကများတော့ လောက်လောက်ငငမရကြဘူး" ဟု အောက်တိုဘာ ၂၁ ရက်မှ ရက်သတ္တပတ်ခန့်ကြာ ပုံတောင်ပုံညာ တောင်ပေါ်လမ်းပိုင်း လမ်းပိတ်ဆို့မှုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ခရီးသည်တစ်ဦးက ပြောသည်။

ဂန့်ဂေါ-ပုလဲ-မုံရွာ ကားလမ်း ပုံတောင်ပုံညာ တောင်ပေါ်လမ်းပိုင်းမှာ ကျဉ်းမြောင်းပြီး ပျက်စီးယိုယွင်းလျက်ရှိသဖြင့် အမြန်ဆုံးပြုပြင်ရန် လိုအပ်နေသကဲ့သို့ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ယာဉ်မောင်းများကလည်း ခရီးသွားများ၏အခက်အခဲ၊ မိမိတို့ယာဉ်အချင်းချင်း၏ အခက်အခဲကို စာနာနားလည်ကာ မောင်းနှင်သွားလာကြမှသာ ခရီးစဉ်ချောမွေ့မည်ဖြစ်ကြောင်း ယာဉ်မောင်းသူများကပြောကြားသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

ကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေးကျန်းမာရေးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မိခင်ကလေးကျန်းမာရေးဆိုင်ရာ အာဆီယံနိုင်ငံများအတွင်း ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများ၏ စံအရည်အသွေး သတ်မှတ်ခြင်းနှင့် သင်တန်းပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက ယခုဆွေးနွေးပွဲမှ ရရှိလာသော ဆုံးဖြတ်ချက်များအပေါ်တွင်မူတည်၍ အာဆီယံနိုင်ငံများအတွင်း ကျန်းမာရေးဝန်ထမ်းများအတွက် တူညီသည့် သင်ကြားပို့ချမှုနှင့် စံအရည်အသွေးသတ်မှတ်ခြင်းလုပ်ငန်းများ ဖြစ်ပေါ်လာစေပြီး အာဆီယံနိုင်ငံများ၏ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်ပြေးညီဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)** ဆွေးနွေးပွဲကို နှစ်ရက်တာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောင်းရေလျှံမှုကြောင့် လူနှင့်ဆိုင်ကယ်များ နွားလှည်းဖြင့် ဖြတ်ကူးနေရ

မင်းဘူး အောက်တိုဘာ ၂၉

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ချောင်းကူး ရေကျော်များရှိရာဒေသများသို့ ခရီးသွားလာမှုများတွင် အချိန်နှောင့်နှေးမှုများရှိကြောင်း သိရသည်။ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီခန့်က မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး-စကု သွားရာလမ်းပေါ်တွင် နွားကူးချောင်းရေ လျှံတက်မှုကြောင့် ကျွဲတဲရွာအနီးရှိ နွားကူးရေကျော်မှာ လမ်း၏အထက်တွင် လေးပေခန့်မြင့်တက်လာသောကြောင့် ယာဉ်များဖြတ်သန်းသွားလာရန် အခက်အခဲဖြစ်ခဲ့ရကြောင်း သိရသည်။

"အခုလိုပဲ ဒီချောင်းက မိုးများရင် ရေလျှံနေကျပါ။ အရင်က ရေလျှံရင် နွားလှည်းနဲ့ကူးလို့ရတယ်။ ဒီနှစ် ချောင်းရေလျှံတာ တော်တော်ဆိုးတယ်။ ရေစီးသန်ပြီး ရေတွေမြင့်တက်လာလို့ လှည်းတွေကူးမရလို့ ရေစီးအားလျော့တဲ့အချိန်စောင့်ပြီးမှ ကူးရတယ်"ဟု နွားလှည်းဖြင့် သယ်ပို့ပေးနေသူ ဒေသခံတစ်ဦးက ပြောပြသည်။

ယာဉ်များ ဖြတ်သန်းသွားလာ၍မရသေးသော်လည်း နွားလှည်းကူး၍ ရချိန်တွင် ခရီးသွားလာသူများနှင့် ဆိုင်ကယ်များကို လှည်းဖြင့်ပို့ပေးလျက်ရှိရာ သယ်ပို့ခအဖြစ် လူတစ်ဦး ငွေကျပ် ၁၀၀၀၊ ဆိုင်ကယ်တစ်စီး ငွေကျပ် ၂၅၀၀ ပေးရကြောင်း သိရသည်။

အကူအညီပေး

ယင်းကဲ့သို့ ချောင်းရေလျှံတက်မှုကြောင့် သွားလာရေးခက်ခဲနေသဖြင့် ရန်ကုန်မှလာသော ခရီးသည်တင် Express ကားကြီးများလည်း မင်းဘူးမြို့ဘက်ခြမ်း၌ ရေကျချိန်ကို တန်းစီလျက် စောင့်ဆိုင်းနေကြရာ မင်းဘူးခရိုင် ထွေ/အုပ်မှ တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်အကူအညီပေးလျက်ရှိကြောင်း သိရသည်။

ဇေယျ

လျှပ်စစ်မီးကြိုးမှတစ်ဆင့် သစ်ပင်မီးလောင်

မန္တလေး အောက်တိုဘာ ၂၉

မန္တလေး မဟာအောင်မြေမြို့နယ် ၈၁ လမ်း ၃၇ လမ်းနှင့် ၃၈ လမ်းကြား ချိုပါဓမ္မာရုံအနီးရှိ မယ်ဇယ်ပင်တွင် အောက်တိုဘာ ၂၈ ရက် နံနက် ၇ နာရီခန့်က လျှပ်စစ်မီးကြိုးမှတစ်ဆင့် မီးစွဲလောင်မှုဖြစ်ပွားခဲ့ရာ **(ဝဲပုံ)** ဒေသခံရပ်ကွက်ပြည်သူများ၊ မြို့နယ်လျှပ်စစ်တာဝန်ခံများနှင့် ရတနာအရှေ့မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ကြပြီး အဆိုပါသစ်ပင်၌ စွဲလောင်သောမီးမှာ ၇ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူပြီး ငှားရမ်းခြင်းဆောင်ရွက်မည့်စက်ရုံများ၏
တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၁။ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိစက်ရုံများအား ပုဂ္ဂလိကသို့ ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၄-၉-၂၀၁၃ရက်မှ ၃၀-၉-၂၀၁၃ ရက်အထိ နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပါသည်။

၂။ အောက်ဖော်ပြပါစက်ရုံများအား ပုဂ္ဂလိကသို့ငှားရမ်းခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါပိတ်သိမ်းမည့်ရက်များအား ယှဉ်တွဲဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	စက်ရုံ	ယခင်တင်ဒါ ပိတ်သိမ်းမည့်ရက်	ပြင်ဆင်သည့် တင်ဒါပိတ်ရက်
(က)	အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)	၃၁-၁၀-၂၀၁၃	၂၉-၁၁-၂၀၁၃
(ခ)	အမှတ်(၄)အထည်စက်ရုံ(ပွင့်ဖြူ)	၃၁-၁၀-၂၀၁၃	၂၉-၁၁-၂၀၁၃
(ဂ)	အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)	၃၁-၁၀-၂၀၁၃	၂၉-၁၁-၂၀၁၃
(ဃ)	အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး)	၃၁-၁၀-၂၀၁၃	၂၉-၁၁-၂၀၁၃

၃။ လုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် စက်မှုဝန်ကြီးဌာန၏ Website; www. myanmarindustry 2. com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊
အပြည့်အစုံ အထည်အလိပ်လုပ်ငန်း၊ ရုံးအမှတ်(၃၇)၊
စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။
ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၈၁၅၆/၄၀၈၃၃၈/၄၀၈၁၈၅

ပျောက်ဆုံးကြောင်း

ကိုသန်းထွန်းဦး (ဘ)ဦးစံလှဖြူ ၁၁/စတန (နိုင်)၀၅၂၃၈၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) သည် ၁၅-၁၀-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၇၆၇၄၁၇

အလိုရှိသည်

အရှေ့တိုင်း အထည်အမျိုးမျိုး၊ တရုတ်စကားပြန်၊ အရောင်းဝန်ထမ်း။
ဆက်သွယ်ရန်-
ဖုန်း-၀၁-၅၀၂၄၀၆၊ ၀၉-၂၅၄၀၂၃၅၉၁

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပျောက်ဆုံးကြောင်း

ကိုအောင်မျိုးနိုင် (ဘ)ဦးတင်ငွေ ၁၁/သတန(နိုင်)၀၀၀၄၈၇၏ နိုင်ငံကူးလက်မှတ် စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၃၅၁၉၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁-တိုးချဲ့၊ မြေကွက်အမှတ် E-၆၊ ဧရိယာ ၀ ဒသမ ၂၂၄ ဧက၊ (အလျားပေ ၁၀၀×အနံ ၉၈ ပေ)၊ မြေဂရန်အမှုတွဲအမှတ် အမ-ဂရသ-၉/၉၈၊ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်သူ (ဒေါ်စောညွန့်-ဒေါ်ခင်မာလဲ့)ထံမှ ဦးမြသောင်း ၁၂/မဂတ(နိုင်)၀၃၂၈၅၈(ဘ)ဦးစိန်က ဥပဒေနှင့်အညီလွှဲပြောင်းရယူခဲ့ပြီး လက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းကြော်ငြာကာ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇင်၊ ဥပဒေဘွဲ့
(တရားလွှတ်တော်ရှေ့နေ)၊ စဉ်-၃၈၆၈/၈၆
အမှတ် ၃၊ မြဝတီလမ်း၊ နယ်မြေ(၁)၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊
ဖုန်း-၀၉-၆၇၀၀၇၉၇

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သီပေါ၌ ရှာဦးစေတီပြိုကျ ရှေးဟောင်းရုပ်ပွားတော် ၁၉ ဆူတွေ့ရှိ

သီပေါ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နောက်ကပ်ကျေးရွာရှိ ရှာဦးစေတီမှာ**(ယာပုံ)**သည်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၇ ရက် ည ၁၂ နာရီက ပြိုကျခဲ့ရာ စေတီဌာပနာအတွင်းမှ နှစ်ပေါင်းတစ်ရာကျော်ရှိ ဗုဒ္ဓရုပ်ပွားတော် ၁၉ဆူနှင့်ကျောက်နီမျိုးစုံကို ပင့်ဆောင် ရရှိသည်။

"အောက်တိုဘာ ၂၇ ရက်ည ၁၂ နာရီက ရှာဦးစေတီတော်ပြိုကျခဲ့လို့ ၂၈ ရက် နံနက်မှာ စေတီတော်အတွင်းက ဌာပနာ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၁၉ ဆူနဲ့ ကျောက်နီမျိုးစုံကိုပင့်ဆောင်ပြီး ဘုန်းတော်ကြီးကျောင်းပေါ်မှာ အပူဇော်ခံထားပါတယ်။ လွယ်မုတ်တောင်နဲ့ ကျွန်တော်တို့ရဲ့ နောက်ကပ်ကျေးရွာအနီးလေးပါ။ လွယ်မုတ်တောင်အနီးမှာ သီပေါမြို့ကို စော်ဘွားကြီးတည်ထားတာမို့ အခုရှာဦးစေတီတော်ဟာလည်း သီပေါစော်ဘွားကြီး တည်ထားကိုးကွယ်ခဲ့တာဖြစ်ပါတယ်။ မြို့ရဲ့ ဈေးအနီး တည်ထားတာမို့ ကျွန်တော်တို့ရွာကို နောက်ကပ်ကျေးရွာ (ဈေးနားကရွာ)ဟု မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပါတယ်" ဟု ချေတိန်းစံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတလူက ရှင်းပြသည်။

အဆိုပါ နောက်ကပ်ကျေးရွာ ရှာဦးစေတီ ပြိုကျရာသို့ သီပေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ ဦးနော်မိန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု ဖူးမြော်ကြပြီး ရှာဦးကျောင်းထိုင် ဆရာတော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာလူကြီးများကို တွေ့ဆုံကာ စေတီတော်ပြန်လည်မွမ်းမံပြုပြင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

စေတီတော်ပြုပြင်ရေး အလှူငွေများ လှူဒါန်းလိုပါက မြို့နယ် သံဃနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော် ဖုန်း-၀၈၂-၈၀၁၁၈ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

စိုင်း(သီပေါ)

ချင်းပြည်နယ် တောင်ယာစိုက်ခင်းများအတွက် စိုက်ပျိုးရေရရှိရေး အဓိကထား လုပ်ဆောင်နေရ

တီးတိန် အောက်တိုဘာ ၂၉

ချင်းပြည်နယ်ရှိ မြို့နယ်အများစုသည် မြင့်မားသည့် တောင်တန်းများပေါ်တွင် တည်ရှိခြင်းကြောင့် တောင်ယာ စိုက်ပျိုးရေးလုပ်ငန်းများတွင် အခက်အခဲများစွာရှိပြီး လယ်ယာမြေများသည်လည်း လှေကားထစ်စိုက်ခင်းများ ဖြစ်ကြသည့်အတွက် စိုက်ပျိုးရေရရှိရေးကို အဓိကထား ဆောင်ရွက်နေရကြောင်း သိရသည်။

ပူးပေါင်းလုပ်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အရေးကြီးသည့် စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေရရှိရေးအတွက် ၂၀၁၁ ဘဏ္ဍာနှစ်မှ ယနေ့အထိ ငွေကျပ် ၂၆၆ သိန်း အသုံးပြုခဲ့ကြောင်း၊ ချင်းပြည်နယ်တွင် လက်ရှိစပါးစိုက် လယ်မြေဧက ၃၀၀၀၀ ရှိသည့်အနက် ဧက ၂၅၀၀၀ ခန့်ကိုသာ စိုက်ပျိုးရေပေးဝေနိုင်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ခင်းများကို အမြဲတမ်းစိုက်ကွင်းစိုက်ကွက်များအဖြစ် လုပ်ကိုင်နိုင်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များ၏ အကူအညီများဖြင့် ပူးပေါင်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက် အဓိကမရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေရရှိရေးကို ချင်းပြည်နယ်အစိုးရအနေဖြင့် အထူးအလေးထားပြီး ဆောင်ရွက်နေရကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးဗန်ထောင်း၏ ပြောကြားချက်အရ သိရသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိပြီး တောင်ကုန်းတောင်တန်းများ ထူထပ်ကာ အေးမြသော ရာသီဥတုနှင့်အတူ တောင်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နေရသည့်အပြင် သောက်သုံးရေနှင့် အခြားစိုက်ပျိုးရေအတွက် ပုဂ္ဂလိကရေများနှင့် စည်ပင်သာယာမှပေးသည့်ရေများကို အသုံးပြုလျက်ရှိပြီး စိုက်ပျိုးရေအတွက်မှာမူ စိမ့်စမ်းချောင်းရေများကို မှီခိုအားထားနေရသည်ဟု သိရသည်။

ချင်းပြည်နယ်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် သီးနှံများမှာ အာလူး၊ ငရုတ်၊ ကြက်သွန်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီထုပ်၊ ဝဥ၊ ဂေါ်ရခါးသီး၊ ခရမ်းချဉ်သီး၊ ပဲအမျိုးမျိုးအစရှိသည်နှင့် အခြားနှစ်ရှည်ပင်များဖြစ်သည့် လက်ဖက်၊ ကော်ဖီ၊ စပျစ်၊ မျောက်ငို၊ ပန်းသီးနှင့် လိမ္မော်အစရှိသည့် သီးနှံများဖြစ်ထွန်းလျက်ရှိပြီး လယ် ၂၅၈၄၄ ဧက၊ ယာ ၁၅၆၇ ဧက၊ ကိုင်းကျွန်း ၄၅၇၆ ဧက၊ ဥယျာဉ်ခြံမြေ ၁၁၇၂၄ ဧက၊ တောင်ယာ ၁၈၉၃၅၁ ဧက စိုက်ပျိုးကြောင်း သိရသည်။ **(အောက်ပုံ)**

နေစု(ချင်းရိုးမ)



အောက်တိုဘာ ၂၇ ရက်က စမ်းချောင်းမြို့နယ်အတွင်း တည်ထား ကိုးကွယ်လျက်ရှိသော အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား ရင်ပြင်တော်ပေါ်၌ ဘုရားကြီး၏ ဂေါပကအဖွဲ့က ကြီးမှူး၍ အလှူရှင်များက ဆွမ်းဆန်စိမ်းလောင်းလှူရာ ဘုရားအမှူးပြု၍ ပင့်သံဃာများ ကြွချီတော်မူလာစဉ်။

မြင့်အောင်(စက်မှုဆေးဝါး)

ဘဝအတွက်တာ ကျွမ်းကျင်စရာ သင်တန်းဖွင့်

ကသာ အောက်တိုဘာ ၂၉

ကမ္ဘာ့ကုလသမဂ္ဂ (Unicef) အကူအညီဖြင့် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနကကြီးမှူး၍ အလယ်တန်းပြဆရာ ဆရာမများအတွက် ဘဝအတွက်တာ ကျွမ်းကျင်စရာ (Life Skills) သင်တန်းကို ကသာမြို့ အထက(၁)၌ အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး ကသာခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ အလယ်တန်းပြဆရာ ဆရာမ ၅၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင်ပို့ချသည့် ဘာသာရပ်များမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိတ်ကျန်းမာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ရောဂါကင်းဝေး အာဟာရကျွေး၊ ဆယ်ကျော်သက်သတိထားဖွယ်၊ လူမှုဘဝမှာ ကျွမ်းကျင်စရာ စသည်တို့ဖြစ်ပြီး သင်တန်းဆင်းဆရာ ဆရာမများက အလယ်တန်းအဆင့် ကျောင်းသားလူငယ်များအား ပြန်လည်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စမ်းဦး(ကသာ)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့



ကချင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁) ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်(၅)မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် စက်မှုသီးနှံဦးစီးဌာနတို့တွင် အဆောက်အအုံဆောက်လုပ်ရန်ရှိပါသည်။ အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ၃၁-၁၀-၂၀၁၃ ရက်မှစတင်ပြီး ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနရုံးတွင် အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်။

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၁) ပြည်နယ်ရုံးဝင်း၊ သင်တန်း/အစည်းအဝေးခန်းမ ပေ၆၀ × ၂၅ပေ × ၁၀ပေ အာရ်စီ(၁)ထပ် အဆောက်အအုံ၊

(၂) မချမ်းဘောမြို့နယ်ရုံး ပေ၂၀ × ၂၅ပေ × ၁၀ပေ သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံနှင့် ခြံစည်းရိုး၊ မီးသွယ်၊ ရေတွင်းတူးလုပ်ငန်း

(ခ) စက်မှုသီးနှံဦးစီးဌာန

(၁) ပြည်နယ်ဦးစီးမှူးရုံး ပေ၆၀×ပေ၄၀×၁၂ပေ အာရ်စီ နှစ်ထပ်အဆောက်အအုံ၊ ခြံစည်းရိုး၊ ရေ၊ မီးအစုံလုပ်ငန်း

(၂) ဝိုင်းမော်မြို့နယ်ရုံး ၄၅ပေ×ပေ၂၀×၁၂ပေ အာရ်စီနှစ်ထပ်အဆောက်အအုံ၊ ခြံစည်းရိုး၊ ရေ၊ မီးအစုံလုပ်ငန်း

(၃) မိုးကောင်းမြို့နယ်ရုံး ၄၅ပေ×ပေ၂၀×၁၂ပေ အာရ်စီနှစ်ထပ်အဆောက်အအုံ ခြံစည်းရိုး၊ ရေ၊ မီးအစုံလုပ်ငန်း

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၃၁-၁၀-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

(၂) သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(၃) အသေးစိတ်သိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စိုက်/မွေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၄၊ ၀၇၄-၂၂၄၁၈၊ ၀၉-၄၇၀၃၆၉၃၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် တင်ဒါစိစစ်ရွေးချယ်ရေး လုပ်ငန်းကော်မတီ

အမည်ပြောင်း

ဦးကျော်ကျော်ဦး၏သမီး အထက(၁) မြောက်ဥက္ကလာမှ မဇင်သီဂီပွင့်ဦးအား မဇင်သီဂီပွင့်ဟု ပြောင်းလဲခေါ်ပါရန်။

မဇင်သီဂီပွင့်

TAXI ငှားရန် အလိုရှိသည်

Probox TAXI (7F.1.3) တစ်လက်ကိုင်(ဆီ)ယာဉ်မောင်း အလိုရှိသည်။

ဖုန်း-၀၉-၄၂၀၂၈၀၅၃၉

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ဘီ၊ မြေကွက်အမှတ် ၈၄-၈၅/၁၅၅၊ မြေကွက်တည်နေရာအမှတ် ၉၊ ပန်းချောင်လမ်း၊ စမ်းချောင်းမြို့နယ် ဦးတင်စော ၁၂/စခန(နိုင်)၀၃၀၄၄၂နှင့် ဦးထွန်းညိမ်း-ဒေါ်စန်းစန်းမြင့် တို့၏ အမည်ပေါက် ပါမစ်မြေအား လက်ရှိပိုင်ဆိုင်သူ ဦးတင်စော+ဦးသိန်းနိုင်ဦး ၁၂/စခန(နိုင်)၀၃၀၄၅၀တို့က ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်ကိုကိုမျိုး ၁၂/ကတတ(နိုင်)၀၀၀၉၀၄ ၏ သဘောၤသားနှင့်ဆိုင်သော စာရွက်စာတမ်းများ (P.P)အပါအဝင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၅၁၉၀၆၀၀**

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၉)၊ Grade-8 (C)တွင် ပညာသင်ကြားနေသော မိဖြူနှင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်လတ် ၁၀/ကမရ(နိုင်)၀၈၈၃၃၆ ဖြစ်ပါကြောင်း။ **ဦးအောင်လတ်**

အလိမ္မာ စာမှာရှိ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု အထူးစိုက်ပျိုးမွေးမြူရေးဇုန်(၃)၊ C-8လမ်း၊ မြေကွက်အမှတ်(၁၂၉)၊ တစ်ယူနစ် ငါးဧကရှိ မြေကွက် အား လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ယဉ်ယဉ်ထွေး ၁၄/ပသန(နိုင်)၁၄၉၁၄၃ ထံမှ ကျွန်တော်ဦးချန်လီရှွင် ၁၃/တယန(နိုင်)၀၂၀၉၁၄က ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဦးချန်လီရှွင် ၁၃/တယန(နိုင်)၀၂၀၉၁၄
ဖုန်း-၀၉-၅၁၇၈၃၈၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ လူနေရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၈၈၈/က၊ ၂၉လမ်းရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးမြင့်ဦး ၁၂/မဂဒ(နိုင်)၀၆၆၂၂၁၊ မြေငှားစာချုပ်အမှတ် ၇၀၉/၉၄ ကိုင်ဆောင်သူ အမည်ဖြင့်တည်ရှိသော နှစ် ၆၀ဂရန်မြေကွက်ဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် အလျားပေ၄၀× အနံ ၆၅ပေ၊ စတုရန်းပေ ၂၆၀၀ ရှိပြီး အဆိုပါမြေကွက်အား ဒေါ်ခင်မာကြူ ၁၂/အစန(နိုင်) ၁၃၄၇၇၇(ISN-၅၀၀၄၀၄)က ၁၉၉၇ခုနှစ် ဇူလိုင် ၁၂ရက်စွဲဖြင့် အရပ်ကတိစာချုပ်အရ ပိုင်ဆိုင်ပြီး ဒေါ်ခင်မာကြူမှ ပြန်လည်ရောင်းချမည်ဖြစ်ရာ ကျွန်မ၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ ၁၂/မရက(နိုင်)၀၂၇၃၁၅
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၀၂၉၅၆၆

ပြည်တွင်းသတင်း

အက်ဖ်ဒီအိုင်ဝင်ရောက်မှု စတုတ္ထနေရာအထိ ဝင်ငွေရှာဖွေပေးနိုင်သည့် အထည်ချုပ်လုပ်ငန်းများ လုပ်သားရှားပါး၍အခက်ကြုံ

ရန်ကုန် အောက်တိုဘာ ၂၉

အထည်ချုပ်စက်ရုံများ ပိုမိုများပြားလာပြီးနောက် ကျွမ်းကျင်အလုပ်သမားရရှိနိုင်ရေး အခက်အခဲတွေ့နေရကြောင်း အထည်ချုပ်လုပ်ငန်းရှင်များထံမှ သိရသည်။

"ပွင့်လင်းရာသီ ရောက်လာတဲ့အတွက် အထည်ချုပ်လုပ်ငန်းတွေ ပိုမိုအလုပ်ကောင်းလာတာ ဖြစ်ပါတယ်။ အိတ်စ်ပို့အတွက် အမှာတွေများလာတဲ့အပြင် စက်တင်ဘာလအတွင်းမှာပဲ အထည်ချုပ်စက်ရုံ အရေအတွက်လည်းများလာတယ်။ ဥပမာပြောရရင် လှိုင်သာယာစက်မှုဇုန် တစ်ခုမှာကိုလည်ပတ်နေတဲ့ အထည်ချုပ်စက်ရုံအရေအတွက် ၅၀၀ နီးပါးရှိလာပါတယ်။ စက်ရုံတွေများလာပေမယ့် လိုအပ်နေတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေ ရှားပါးနေတာမို့ အလုပ်ရှင်တွေ အထည် demand ရှိသလောက် Target Date အပြီးသတ်နိုင်ဖို့ ခက်ခဲလာတယ်"ဟု အထည်ချုပ်လုပ်ငန်းရှင် ဦးမင်းလွင်စိုးက မြန်မာ့အလင်းသို့ ပြောကြားသည်။

လက်ရှိ၌ အလုပ်သမားအပြောင်းအရွှေ့နှင့် ကျွမ်းကျင်မှုအားနည်းသည့် ပြဿနာများရှိနေသော်လည်း အထည်ချုပ်အလုပ်သမားများအဖို့ အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းများ တိုးပွားလျက်ရှိနေကြောင်း အလုပ်သမား ကြီးကြပ်ရေးလုပ်ကိုင်သူ အထည်ချုပ်စက်ရုံတစ်ခု၏ ဝန်ထမ်း မဇင်မာထွန်းက ပြောပြသည်။

"အလုပ်သမားက ရှာရတာ ရက်ပိုင်းပဲလိုတယ်။ အလုပ်လုပ်ချင်သူတွေ ပေါများတယ်။ တစ်လကို အနိမ့်ဆုံး ငွေကျပ် ၇၀၀၀၀ လောက်ရပါတယ်။ ဒါပေမယ့် တကယ်တမ်းကျွမ်းကျင်တဲ့ အဆင့်ကို မရောက်နိုင်ဘူး။ ဟိုစက်ရုံ ဒီစက်ရုံ ခုန်ကူးနေတာနဲ့ အခြေခံလစာ ပဲရပ်တန့်နေကြတယ်။ လာဘ်မြင်ပြီး ဖွဲ့ရှိတဲ့ အလုပ်သမား ၂၀ ရာခိုင်နှုန်းလောက်ပဲ လစာငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိန်းဝန်းကျင်ရတယ်။ အလုပ်ရှင်တွေဘက်ကလည်း အမှန်တကယ် ကျွမ်းကျင်သူတွေဆိုရင် တန်ကြေးကို ပေးပေမယ့် အများစုကကျွမ်းကျင်မှု မရှိတော့ လစာနည်းကြတယ်" ဟု သူက ပြောကြားသည်။

"နောက်ဆိုရင် အထည်ချုပ်စက်ရုံ ထပ်များလာနိုင်သေးတယ်။ ကျွန်တော်တို့ အသင်းကတော့ ကျွမ်းကျင်အောင် သင်တန်းပေးတာ မျိုးရှိပါတယ်။ သို့သော် လက်ခံသင်ယူနိုင်တဲ့သူနည်းနေသေးတယ်။ ကျွမ်းကျင်လုပ်သားတွေကျတော့ လစာက ထိုက်သင့်သလောက် ရနေပေမယ့် မကျွမ်းကျင်သေးတဲ့ လုပ်သားတွေကို လစာတိုးပေးဖို့ကျတော့ လက်တွေ့မှာ မလွယ်ကူပါဘူး။ လုပ်ငန်းခွင်သင်တန်းတွေပေးနေပေမယ့် အများစုက လိုက်နာမှုအားနည်းနေတယ်။ အလုပ်သမားတွေမမြဲဘဲ စက်ရုံတွေ တစ်ခုကနေတစ်ခု လစာမကွာဘဲ ရွှေ့ပြောင်းနေတာတွေများနေတဲ့အတွက် အထည်ချုပ်လုပ်ငန်းမှာ ထိခိုက်လာနိုင်တယ်။ သူတို့တွေလုပ်ငန်းခွင်မှာ ပျော်လာအောင်လုပ်ပေးချင်ပေမယ့် အထည်ချုပ်လုပ်ငန်းဆိုတာ အမှားမခံတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဥပမာပြောရရင် Cutting ပိုင်းမှာ ကျွမ်းကျင်မှုအားနည်းရင် ပိတ်တစ်အုပ်လုံး ဆုံးရှုံးနိုင်သလို တွဲပိုင်းမှာလည်း အမှားလုပ်မိလို့ လစာပြန်ဖြတ်တဲ့စနစ်နဲ့ တင်းကျပ်ရတာရှိပါတယ်။ ကျွမ်းကျင်လုပ်သားတွေအဖြစ် ပြုစုပေးလိုပေမယ့် မကြာခဏ ရွှေ့ပြောင်းတတ်တဲ့ အလုပ်သမားတွေကြောင့် ထင်သလောက်ခရီးမရောက်ဘူး"ဟု အထည်ချုပ်လုပ်ငန်းရှင်အသင်းမှ ဦးထွန်းနိုင်က ရှင်းပြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဝင် စာရင်းဇယားများအရ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေအထားအရ အထည်ချုပ်လုပ်ငန်းသည် စတုတ္ထနေရာ၌ရပ်တည်လျက်ရှိပြီး အာရှတွင်းနိုင်ငံများအပြင် ဥရောပနှင့် ဗြိတိန်နိုင်ငံများကပါ အထည်ချုပ်စက်ရုံ တည်ထောင်ရန် ပြင်ဆင်လာနေကြောင်း သိရပြီး ယခုကာလအထိ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကန်ဒေါ်လာ ၂၇၅၀ သန်းအထိ ရှိနေပြီဖြစ်သည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁၀-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၂၅၀၀-၆၁၁၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၂၄၀၀-၆၁၁၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၈-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၁.၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၅ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၅၀-၃၆၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၀၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၇၈၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၃၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၈၂၅-၁၂၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၂၅
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၈၀-၄၈၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၄၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၈၀-၁၂၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

တရားမဝင် တင်သွင်းလာသည့် ဇိမ်ခံကား ၂၂၇ စီး ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၉

တရားမဝင်အကောက်ခွန်မဲ့ တင်သွင်းလာသည့် ဇိမ်ခံကားများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ မြို့နယ်အသီးသီးတွင် အကောက်ခွန်မဲ့ ဇိမ်ခံကားများကို ဖမ်းဆီးအရေးယူလျက်ရှိသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှ ၂၀၁၃ အောက်တိုဘာ ၂၈ ရက်အထိ ကားအစီးရေ ၂၂၇ စီး၊ ကာလတန်ဖိုး ငွေကျပ်သိန်း ၆၀၀၀ ကျော်တန်ဖိုးရှိ ကားများကိုဖမ်းဆီးပြီး မြို့နယ်များတွင် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ(၈)အရ အမှုဖွင့်အရေးယူထားသည်။ အဆိုပါ ကားများသည် မော်လမြိုင်မြို့နှင့် အခြားမြို့နယ်အတွင်း မောင်းနှင်သွားလာရာတွင် နေ့နံပါတ်တစ်မျိုး၊ ညနံပါတ်တစ်မျိုးဖြင့် မောင်းနှင်လျက်ရှိပြီး ယာဉ်တိုက်မှုများဖြစ်ခြင်း၊ လိုင်စင်ရှိသကဲ့သို့ မောင်းနှင်နေခြင်းများအပေါ် သက်ဆိုင်ရာက ဇိမ်ခံကားများကို အချိန်မီအရေးယူ တားဆီးဖမ်းဆီးခြင်းဖြစ်သည်ဟု သိရသည်။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ၁၀ မြို့နယ်အတွင်း ဖမ်းဆီးမိထားသည့် မော်တော်ယာဉ်များအနက် ၈၈ စီးကို မကြာမီရက်ပိုင်းအတွင်း လေလံတင်ရောင်းချသွားမည်ဟု သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

တံဆိပ်အမည်အမှတ်အသားကိုတစ်ဦးတည်းမူပိုင်သုံးစွဲမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါက်တာလှိုင်ချစ်ဇော် ၁၂/အစန(နိုင်) ၁၈၄၅၇၀ ကိုင်ဆောင်သူမှ ပညာရေးဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းအား "**ကောင်းစုစံ**" "**ကောင်းစုအောင်**" "**ကောင်းစုသာ**"အမည်များဖြင့် "**ပညာရေးဝန်ဆောင်မှုလုပ်ကိုင်ခြင်း၊ စာအုပ်ပုံနှိပ်ထုတ်ဝေခြင်း၊ စာရေးကိရိယာနှင့် ရင်ထိုးတံဆိပ်အမှတ်အသားများ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း**"တို့အား အောက်ဖော်ပြပါအမည်အမှတ်အသားများအတိုင်း တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၏မှတ်ပုံတင်စာချုပ်အမှတ် ၉၉၃၆/၂၀၁၃၊ ၉၉၃၇/၂၀၁၃၊ ၉၉၃၈/၂၀၁၃တို့ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ မှတ်ပုံတင်သွင်းထားသည့် တံဆိပ်အမှတ်အသားကို ဆင်တူယိုးမှားပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုး စီးပွားတစ်စုံတစ်ရာထိခိုက်စေရန် အထက်ပါအမည်အမှတ်အသားအား ထင်ယောင်ထင်မှား ပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက ကျွန်ုပ်၏မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင် **LL.B, D.B.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)

အမှတ် ၂၂၂၊ စံပါယ်လမ်း၊ (၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်

ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ကိုညီမင်းထွန်းနှင့် မမင်းမင်းဦးတို့၏ (၁၃)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်

၂၉-၁၀-၂၀၁၃ရက်မှစ၍ နောင်အနာဂတ်တွင် နေမဝင်အချစ်တွေနဲ့ လက်တွဲပျော်ရွှင်စွာ ရှိနေနိုင်ပါစေ။

မြဲမြံသောချစ်ခြင်းတရားနဲ့ လှပသာယာသော အိမ်ထောင်စုလေးဖြစ်ပါစေ။

တင်၊ အောင်၊ ကျော်၊ စိုး၊ အောင်၊ လင်း၊ မောင်၊ ညီ၊ မျိုး၊ သူ၊ ပို

Triple Queen + Seven

၃၀-၁၀-၂၀၁၃ ရက် မွေးနေ့ရှင် မမွန်သို့

အလွန်တရာ အနှစ်သာရရှိပြီး ပျော်ရွှင်ကြည်နူးဖွယ်ရာနေ့တစ်နေ့ ဖြစ်ပါစေ။

အနာဂတ်နေ့ရက်များမှာ အကောင်းဆုံးလိုအင်ဆန္ဒ၊ မျှော်လင့်ချက်၊ အလှအပဆုံးအိပ်မက်များ ပိုင်စိုးစံစားနိုင်ပါစေ။

အေး၊ ထား၊ မေ၊ အိ၊ ဇင်၊ စင်၊ စု၊ နှင်း၊ အိမ့်၊ ပို



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတား၊ အဆောက်အအုံလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ဘိလပ်မြေ - ၈၀ တန်

(ခ) အုတ် - ၇၄၆၀၀ ချပ်

(ဂ) သစ်မာ - ၂၀ တန်

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၆-၁၁-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မိုင်းဆတ်ခရိုင် အင်ဂျင်နီယာမှူးရုံးတွင် ၃၁-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၈၄-၆၀၂၁၉၊ ၀၈၄-၆၀၂၂၀တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ဦးစိုင်းမျိုးလှ(ခ)ကျိန်ဖွာယုံ ၁၃/လလန(နိုင်)၀၄၃၆၉၃ ၏ ၁၆-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ဇော်တိကလမ်း၊ အမှတ် ၂၇၂ နေ ဒေါ်အေးမေ ၁၃/လရန(နိုင်)၀၈၁၇၂၂၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ ဇော်တိက ၃လမ်း၊ အမှတ် ၁၆၃ နေ ဒေါ်အေးခင် ၁၃/တကန(နိုင်)၁၂၉၄၇၃ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ အရှေ့မြို့ပတ်လမ်း၊ အခန်း(၇)နေ ဒေါ်ထားထားခင် ၁၃/တကန(နိုင်)၀၁၈၄၀၃ တောင်ကြီးမြို့၊ ဈေးပိုင်းရပ်၊ နဂါးပွက်ကျောင်းလမ်း၊ အမှတ် ၁၂၄ နေ ဒေါ်အေးခွမ် ၁၃/တကန(နိုင်)၀၂၇၃၂၆ တို့က ပြန်လည်အသိပေးကြေညာအပ်ပါသည်။

စုကြေးဒိုင် ဦးစိုင်းမျိုးလှ(ခ)ကျိန်ဖွာယုံက ၁၆-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အများသိစေရန်ကြေညာခြင်းတွင် ထည့်ဝင်ထားသည့်စုကြေးငွေများကို ဒိုင်အချင်းချင်းအား ၄၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စုကြေးထည့်ဝင်သူများအား ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ၇-၁၀-၂၀၁၃ရက်မှစ၍ ၃၀-၄-၂၀၁၄ရက်အထိ နောက်ဆုံးထားပြီး ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကြေညာသည်ကို ကျွန်မတို့က လက်မခံနိုင်ပါ။ စုကြေးဒိုင်ဖြစ်သည့် ဦးစိုင်းမျိုးလှ၊ ဒေါ်မိုးမိုးခိုင်တို့က စုကြေးပြီးဆုံးအောင်ဆောင်ရွက်ခြင်းမရှိဘဲ စုကြေးရပ်ဆိုင်းလိုက်၍ စုကြေးရပ်ဆိုင်းလိုက်သည့်အချိန်အထိ ဦးစိုင်းမျိုးလှ၊ ဒေါ်မိုးမိုးခိုင်တို့ကောက်ခံရယူထားသည့် စုကြေးငွေရင်းအပြည့်အဝကို ဤကြေညာသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်မတို့အား ပြန်လည်ထုတ်ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း ပြန်လည်ထုတ်ပေးခြင်းမရှိပါက တရားစွဲဆိုဆောင်ရွက်မည် ဖြစ်ကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

အေးမေ	**အေးခင်**	**ထားထားခင်**	**အေးခွမ်**
၁၃/လရန(နိုင်)	**၁၃/တကန(နိုင်)**	**၁၃/တကန(နိုင်)**	**၁၃/တကန(နိုင်)**
၀၈၁၇၂၂	**၁၂၉၄၇၃**	**၀၁၈၄၀၃**	**၀၂၇၃၂၆**

ရက်ပေါင်း ၄၁ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာသိုင်းသမားများ ပန်ကြပ်ဆီလတ်ဖြင့် ရွှေဆုများယူမည်

နေပြည်တော် အောက်တိုဘာ ၂၉

ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် ပန်ကြပ်ဆီလတ်ခေါ် လက်သိုင်းပြိုင်ပွဲ အားကစားသည်လည်း ရွှေတံဆိပ်များ ဆွတ်ခူးနိုင်သည့် အားကစားဖြစ်ကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

"ကျွန်တော်တို့ ပန်ကြပ်ဆီလတ် အားကစားသမားများအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ရွှေတံဆိပ်သုံးလေးခုလောက်တော့ မျှော်မှန်းထားပါတယ်။ ပြိုင်ပွဲမှာ ရွှေတံဆိပ် ၁၂ ခု ပေးမှာဖြစ်ပါတယ်။ ဒီအထဲမှ သုံးလေးခုလောက်တော့ ရအောင်ကြိုးစားနေပါတယ်"ဟု ဦးအောင်နိုင်ဦးက ပြောသည်။

"ပန်ကြပ်ဆီလတ် အားကစားနဲ့ပတ်သက်ပြီး ဆီးဂိမ်းအကြိုပြိုင်ပွဲများက လွန်ခဲ့တဲ့ မတ်လနဲ့ ဇွန်လကပြုလုပ်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲတွေပေါ်က ထွက်ပေါ်လာတဲ့ ရလဒ်တွေပေါ်မှာအခြေခံပြီး ယခုအခါမှာတော့ နေပြည်တော်လေ့ကျင့်ရေးစခန်းမှာ ဆက်လက်လေ့ကျင့်နေကြပါတယ်။ မြန်မာနည်းပြသုံးဦး၊ နိုင်ငံခြားနည်းပြသုံးဦးနဲ့အတူ လေ့ကျင့်မှုတွေ ဆက်လက်ပြုလုပ်နေကြပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ပြိုင်ပွဲအတွက် အမျိုးသား ၁၆ ဦးနှင့်အမျိုးသမီး ခြောက်ဦး ဆန်ခါတင် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိပြီး ပြိုင်ပွဲတွင် အတိုက်ခုနစ်မျိုးနှင့် အပြငါးမျိုးထည့်သွင်း ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို နေပြည်တော်တွင် အသစ်တည်ဆောက်ထားသည့် ဇေယျာသီရိ အားကစားရုံ (B)တွင် ဒီဇင်ဘာ ၁၀ ရက် မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပန်ကြပ်ဆီလတ်အားကစားသည် အခေါ်အဝေါ် ကွဲပြားသော်လည်း သိုင်းပညာရပ်တစ်မျိုးဖြစ်၍ မြန်မာသိုင်းအားကစားသမားများနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအတွက် ခါးဆက်မပြတ်သော အားကစားနည်းတွင် ပါဝင်သည်။ ယင်းအတွက်ကြောင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာပန်ကြပ်ဆီလတ် အားကစားသမားများအနေဖြင့် ရွှေတံဆိပ်ဆုများဆွတ်ခူးရန် သေချာနေသည်။ အိမ်ရှင်မြန်မာအတွက် ရွှေတံဆိပ်ဆု ၁၀၀ ကျော် မျှော်မှန်းထားသည့်အနက် ပန်ကြပ်ဆီလတ် အားကစားကလည်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်မည်ဖြစ်သည်။

မောင်ရွှေရိုး

လက်သိုင်းပြိုင်ပွဲ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာပန်ကြပ်ဆီလတ်အားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

မြန်မာယူ-၂၃(ခ)အသင်း လေ့ကျင့်မှုများစတင်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာယူ-၂၃အသင်းအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာယူ-၂၃(ခ) အသင်းမှာ အောက်တိုဘာ ၂၈ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ယူ-၂၃ (ခ)အသင်းကို ကစားသမား ၂၃ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဦးကြည်လွင်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းအသင်းမှာ နိုဝင်ဘာလကုန်အထိ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပြီး ယူ-၂၃ (က)အသင်းအတွက် လိုအပ်သော ကစားသမားများကို ဖြည့်တင်းပေးသွားမည်ဖြစ်သည်။ နိုဝင်ဘာလအတွင်း ခြေစမ်းပွဲများကစားရန် စီစဉ်ထားပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် နိုဝင်ဘာ ၂ ရက်တွင် ပထမတန်းကလပ် မြဝတီအသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၂၃(ခ)အသင်းတွင် အုပ်ချုပ်သူ ဦးအောင်သူမြင့် (Southern)၊ နည်းပြချုပ် ဦးကြည်လွင် (မကွေး)၊ လက်ထောက်နည်းပြ ဦးကျော်လွင် (နေပြည်တော်)၊ ဂိုးနည်းပြ ဦးအောင်သက် (ဟံသာဝတီ)၊ **ဂိုး-** ဇန်လာဟရွယ် (နေပြည်တော်)၊ ဗိုလ်ဟိန်း (မကွေး)၊ ချစ်ငြိမ်းကျော် (ရခိုင်)၊ **နောက်တန်း-** အာကာနိုင်၊ နေမင်းထွန်း၊ နန္ဒကျော်(မကွေး)၊ ဟိန်းသီဟဇော် (ရောဝတီ)၊ နေဇော်အောင် (နေပြည်တော်)၊ ဇော်လင်း (ဇွဲကပင်)၊ ဇော်ရဲထွန်း (ရတနာပုံ)၊ နောင်လတ်ဖြိုး (ဇေယျာရွှေမြေ)၊ **အလယ်တန်း-** မျိုးမင်းဇော် (ဇေယျာရွှေမြေ)၊ နေဝင်းအောင်၊ မိုင်းအိုက်နိုင်၊ အောင်ဖြိုးသာမောင် (ကမ္ဘောဇ)၊ လှိုင်းဘိုဘို (ရတနာပုံ)၊ အောင်မြင့်ထွန်း (ဟံသာဝတီ)၊ နန္ဒလင်းကျော်ချစ် (ရောဝတီ)၊ ဟိန်းဇာအောင် (မကွေး)၊ ဇော်မင်းထွန်း(ရတနာပုံ) **ရှေ့တန်း-** စိုးမင်းနိုင်(မကွေး)၊ ရဲအောင်၊ ရန်နိုင်ထွေး (Southern)တို့ ပါဝင်ကြသည်။

သတင်း-စိုးညွန့်၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မင်္ဂလာဦးဆူမွန်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်း X ၆၃လမ်းကြား၊ ငုဝါလမ်းနေ
ဦးသန်းလွင်(စက်ဘုစတိုး)+ဒေါ်သန်းသန်းဦး(ရွှေညဿာဦးကမေး)တို့၏သားကြီး
မဝါဝါမင်း(B.Pharm)ဒေါက်တာအောင်မင်းသိန်း+ဒေါက်တာဝါဝါသွဲ့(သစ်ဆန်းဆေးဆိုင်)
တို့၏မောင်၊ မောင်ဟိန်းထက်အောင် 1st Year (Maths;) ၏အစ်ကို
မောင်မိုးမိုးဟိန်း
Diploma in IBM Southern Cross University MDIS Singapore
နှင့်
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၄လမ်း X ၆၅လမ်းကြား၊ ခတ္တာလမ်းနေ
ဦးမျိုးသိန်း+ဒေါ်တင်တင်ဆွေ (မျိုးသိန်းစာလက်ထရောနစ်)တို့၏
တစ်ဦးတည်းသောသမီးမောင်ကျော်ဝင်လတ်(B.Sc in BA(International Business)
CSULB,Long Beach, USA.) ၏ညီမ
မမျိုးသီတာခေအး
B.Sc (Physics)
Director (Tri Treasures International Co.,Ltd.)
တို့၏(၂၉-၁၀-၂၀၁၃)ရက်(အင်္ဂါနေ့)မန္တလေးမြို့ **"Oriental House"**
မင်္ဂလာခန်းမတွင် ကျင်းပသော ထိမ်းမြားမင်္ဂလာရက်မြတ်မှသည်
နောင်နှစ်ပေါင်းများစွာတိုင်အောင် ချမ်းသာသုခနှင့် ပြီးပြည့်စုံပြီး ကျန်းမာပျော်ရွှင်သော
ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar Classic Group Co.,Ltd. မိသားစု

ကြော်ငြာ

SHOW OPENS TOMORROW

The International Construction, Power & Mining Exhibition

CONSTRUCTION, POWER & MINING
Myanmar 2013

31 Oct - 2 Nov 2013
Myanmar Convention Centre (MCC)
Yangon
နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီ အထိ

Construction, Power & Mining Myanmar 2013 သည် ဆောက်လုပ်ရေး လျှပ်စစ်စွမ်းအား နှင့် ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းနယ်ပယ်တို့၏ အကြီးဆုံးပြပွဲဖြစ်ပြီး အဆိုပါလုပ်ငန်းနယ်ပယ်အတွက် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်သော နိုင်ငံတကာပြပွဲများတွင် အကြီးဆုံးဖြစ်ပါသည်။

၁၀,၀၀၀ မီတာပတ်လည်ကျော်ရှိသော Myanmar Convention Center (MCC) ၏ အတွင်း နှင့် အပြင်နေရာများ၌ ပြပွဲကိုခင်းကျင်း ပြသသွားမည်ဖြစ်ပြီး ဂျာမနီ၊ ကိုရီးယား နှင့် စင်္ကာပူ နိုင်ငံအပါအဝင်နိုင်ငံပေါင်း ၂၅ နိုင်ငံမှ လုပ်ငန်းပေါင်း ၁၅၀ ကျော် လာရောက်ပြသမည်ဖြစ်သောကြောင့် ဝင်ရောက်ပြသသူ အရေအတွက်အလွန်များသော လုပ်ငန်းနယ်ပယ်ဆိုင်ရာပြပွဲ ဖြစ်ပါသည်။



Why visit?

- သင့်စီးပွားရေးလုပ်ငန်းကို အထောက်အကူပြုနိုင်သည့် စက်ယန္တရားသစ်များ၊ ကိရိယာတန်ဆာပလာများ၊ နည်းပညာသစ်၊ ထုတ်ကုန်သစ်များနှင့်ဝန်ဆောင်မှုသစ်များကို ရှာဖွေတွေ့ရှိနိုင်မည့်အခွင့်အရေး
- ကမ္ဘာတစ်ဝှမ်းမှ အထင်ကရ ကုမ္ပဏီပေါင်း ၁၅၀ ကျော်နှင့် တွေ့ဆုံနိုင်မည့်အခွင့်အရေး
- ဈေးကွက်ဗဟုသုတနှင့်ဈေးကွက်အမြင်များရရှိလာမည့်အခွင့်အရေး
- လုပ်ငန်းနှီးနှောဖလှယ်ပွဲများမှအသိအမြင်များလေ့လာနိုင်မည့်အခွင့်အရေး
- လုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့်စီးပွားရေးလုပ်ငန်းများ တစ်နေရာတည်းတွင်ချိတ်ဆက်နိုင်မည့်အခွင့်အရေး
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးနိုင်ငံတကာကုန်စည်ပြပွဲအား လာရောက်လည်ပတ်နိုင်မည့်အခွင့်အရေး

"Must-Visit" Trade Event

Please! Register Onsite at MCC Hall
ကျေးဇူးပြုပြီး MCC ခန်းမတွင် စာရင်းပေးသွင်းကြပါ။

For more information please contact

Bangkok Exhibition Services Ltd. (BES)
Contact: Kanphipack
Telephone: +66 (0) 2615.1255
E-mail: kanphipack@besallworld.com

UMFCCI Services Department
Contact: UMFCCI Services Department
Telephone: +95-1-214344, 214345, 214346, 214347, 214348, 214349 and ext. 131 Email: umfcci@mptmail.net.mm

Information Matrix
Contact: U Htet Wai Zaw
Telephone: +95-1 513 515 - 519
Email: htetwaizaw19@gmail.com

BES
ALLWORLD EXHIBITIONS MEMBER

UMFCCI

MIA

MFMA

Myanmar Engineering Society
Yangon Electricity Supply Board

Ministry of Commerce
Ministry of Construction
Ministry of Electric Power
Ministry of Mines

CROSSROADS
My Way

(၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပြီးတွင် (၇)ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါအာဆီယံနိုင်ငံများ မသန်စွမ်းအားကစားပြိုင်ပွဲ (Asean Para Games) ပြိုင်ပွဲကို ၂၀၀၁ ခုနှစ်ကတည်းက နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ပြိုင်ပွဲသည် (၇) ကြိမ်မြောက် ပြိုင်ပွဲဖြစ်သည်။ ၎င်းပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ၂၀၀၁ခုနှစ်က မလေးရှားနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခဲ့သည့်ပွဲတွင် အားကစားသမား ၃၁ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၄၃ ခု၊ ငွေ ၂၃ ခုနှင့် ကြေး ၁၁ ခုရရှိပြီး နိုင်ငံအလိုက်အဆင့်(၃)ရရှိခဲ့သည်။ ၂၀၀၃ ခုနှစ်က ဗီယက်နမ်တွင် ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် ပြိုင်ပွဲတွင်လည်း အားကစားသမား ၂၆ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၂၄ ခု၊ ငွေ ၁၂ ခုနှင့် ကြေး ၁၁ခုတို့ရရှိပြီးနိုင်ငံအလိုက် အဆင့်(၄)ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ တတိယအကြိမ်အဖြစ် ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် အားကစားသမား ၂၂ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၂၉ ခု၊ ငွေ ၁၃ ခုနှင့် ကြေးလေးခုတို့ ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံအလိုက်အဆင့် (၅) ရရှိခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံ၌ စတုတ္ထအကြိမ်အဖြစ် ကျင်းပသည့်ပြိုင်ပွဲတွင် အားကစားသမား ၂၅ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ခု၊ ငွေ ၁၆ခုနှင့် ကြေး၂၁ခုတို့ရရှိပြီး နိုင်ငံအလိုက်အဆင့် (၆) ရရှိခဲ့သည်။ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက်တွင် ကစားသမား ၂၅ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ခု၊ ငွေ ၁၉ ခုနှင့် ကြေးခုနစ်ခုတို့ရရှိပြီး နိုင်ငံအလိုက်အဆင့်(၅)ရရှိခဲ့သည်။ ၂၀၁၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားသမား ၃၆ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၁ခု၊ ငွေ ကိုးခုနှင့်ကြေး ၁၄ ခုတို့ရရှိပြီး နိုင်ငံအလိုက်အဆင့် (၆) ရရှိခဲ့သည်။

ယခုလာမည့် (၇)ကြိမ်မြောက်ပြိုင်ပွဲကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး အားကစားနည်း ၁၂ မျိုးပါဝင်ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။အဆိုပါပြိုင်ပွဲတွင် ပါဝင်ထည့်သွင်းယှဉ်ပြိုင်မည့် အားကစားနည်း ၁၂ မျိုးမှာ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ဂိုးလ်ဘော၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲ တင်တင်းနစ်၊ ငါးယောက်တစ်ဖက်ဘောလုံး၊ ခုနစ်ယောက်တစ်ဖက် ဘောလုံးတို့ပါဝင်မည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံအနေဖြင့် အားကစားနည်းအားလုံးပါဝင်ယှဉ်ပြိုင်မည်ဖြစ်သဖြင့် အားကစားသမား ၃၅၀ ကျော်ကို ပဏာမစခန်း သွင်းလေ့ကျင့်ပေးလျက်ရှိသည်။ ယင်းအနက်မှ အားကစားသမား ၂၀၀ ကျော်ကို နိုင်ငံ့လက်ရွေးစင်အဖြစ်ရွေးချယ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယခုကျင်းပမည့် (၇) ကြိမ်မြောက် အာဆီယံပါရာဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ဆုတံဆိပ်ပေါင်း ၆၀ ကျော်၊ ၇၀ အထိ ဆွတ်ခူးနိုင် ရန်ရည်မှန်းပြီး အောင်မြင်မှုအဆင့် အကောင်းဆုံးရရှိနိုင်ရန် ရည်မှန်းထားကာ အောက်တိုဘာလမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ အားကစားကွင်း/ရုံများတွင် တစုတစည်းတည်း အုပ်ချုပ်သူ၊ နည်းပြများဖြင့် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

လူငယ်များ ဝါတွင်းသုံးလ ဆွမ်းသိမ်းအောင်ပွဲ လှူဒါန်းကျွေးမွေး

ရန်ကုန် အောက်တိုဘာ ၂၉

လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်တွင် ကရုဏာနာရေးကူညီမှုအသင်းနှင့် လူစီးကားအခမဲ့နာရေးကူညီမှုအသင်းတို့မှ လူငယ်များက ဝါတွင်းသုံးလဆွမ်းအောင်ပွဲအတွက် လူမျိုးဘာသာမရွေး၊ ကလေးသူငယ်များပါမကျန် ထမင်းဟင်းများကို တစ်နေ့တာ ကျွေးမွေးခဲ့ကြောင်း သိရသည်။

အဆိုပါလူငယ်များက နံနက်ပိုင်းတွင် မြို့နယ်မှ သံဃာခြောက်ပါးကို အရုဏ်ဆွမ်းကပ်လှူ၍ ဆန်တစ်အိတ်၊ ဆီ ၅၀ကျပ်သား၊ ဝတ္ထုငွေကျပ် နှစ်သောင်းစီ လှူဒါန်းကာ ဟင်းသုံးမျိုး ပဲဟင်းနှင့် အရန်ဟင်းများဖြင့် လူဦးရေ ၁၅၀၀ ကို ကျွေးမွေးခဲ့သည်။ **(အပေါ်ပုံ)**

လူငယ်များ၏ ဘာသာ သာသနာအတွက် လက်တွေ့လုပ်ဆောင်လှူဒါန်းမှုအပေါ် သက်ကြီးရွယ်အိုနှင့် မြင်ရသူအပေါင်းက သာဓုခေါ်ဆိုကြပြီး ရပ်ကွက်အတွင်း သာရေး၊ နာရေး ကိစ္စရပ်များ၌လည်း အမှတ်(၈)ရပ်ကွက်ရှိ လူမှုရေးအသင်းနှစ်သင်းက ကိုယ်ကျိုးမပါ မြတ်စေတနာဖြင့် ကူသိုလ်ယူလျက်ရှိကြောင်း သိရသည်။

သန်းထိုက် (လှိုင်သာယာ)

သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ချမ်းမြသာစည်၌ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၉

သန်းခေါင်စာရင်းကောက်ယူချိန်တွင် မေးမြန်းသည့်မေးခွန်းများကို ပြည်သူများက တာဝန်သိသိဖြင့် သန်းခေါင်စာရင်းကောက်ယူသူများကို ဖြေကြားပေးနိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်လာစေရန် ပညာပေးရှင်းလင်းပွဲအခမ်းအနားကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၃)နှင့် မြို့သစ်အမှတ်(၄) တို့တွင် အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက စတင်ကာ အဆိုပါရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးရုံးများ၌ ကျင်းပခဲ့သည်။

ထိုသို့ကျင်းပရာတွင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စံပယ်က သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဌေးမြင့်၊ လက်ထောက်မြို့နယ်ဦးစီးဌာနမှူးတို့က သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ကောက်ယူမည့်အခြေအနေများကိုရှင်းလင်းပြောကြားပြီး တက်ရောက် လာသူများကို သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ပညာပေးဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများကို မရှင်းလင်းသည့်အချက်အလက်များ ရှင်းလင်းဆွေးနွေးစေခဲ့ကြောင်း သိရသည်။ **(၄၂၆)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အငြိမ်းစားဆရာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်

ရန်ကုန် အောက်တိုဘာ ၂၉

ကျေးဇူးရှင် ဆရာ ဆရာမကြီးများ အသက်အရွယ်အိုမင်းနေချိန်တွင် ရုပ်ခန္ဓာဝေဒနာခံစားရမှုများ သက်သာကျန်းမာစေရန် ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းဖွင့်လှစ်ခြင်းသည် ဆရာတို့၏ နေညိုချိန်ဆည်းဆာကို အလှဆင်သည့် ကန်တော့ပန်းတစ်ပွင့်ဖြစ်ကြောင်းဖြင့် အောက်တိုဘာ ၂၇ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အငြိမ်းစားဆရာ ဆရာမကြီးများအတွက် ကျောင်းသားဟောင်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းဖွင့်ပွဲနှင့် မတည်ငွေပဒေသာပင် စိုက်ထူကြသည့် အလှူရှင်များအား ပထမအကြိမ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညွန့်က ပြောကြားသည်။

အငြိမ်းစားဆရာ ဆရာမကြီးများအတွက် ကျောင်းသား ကျောင်းသူဟောင်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကို ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၅ ရက် အထိ ကျန်းမာရေးချို့တဲ့သည့် ဆရာ ဆရာမ ၁၂ ဦးအား လိုအပ်သည်များ ထောက်ပံ့ပေးခဲ့ပြီး ယခုအခါ လတစ်လ၏နောက်ဆုံး ရက်သတ္တပတ် တနင်္ဂနွေနေ့တိုင်း ဆေးခန်းဖွင့်၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ကြည်

ကျန်းမာရေးဝန်ဆောင်မှုမျှဝေခြင်း အလုပ်ရုံဆွေးနွေး

မော်လမြိုင် အောက်တိုဘာ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သီရိမြိုင်ရပ်ကွက် သီရိမြိုင်ခမ္မာရုံ၌ အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ မျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ဒေါက်တာ ဝင်းဝင်းမော်က ကူးစက်ရောဂါနှင့် ကာကွယ်ဆေးများအကြောင်း လက်တွေ့ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး လူမှုဖွံ့ဖြိုးရေးဥက္ကဋ္ဌ ဦးဌေးအောင်က ပေါင်းစည်းအားမာန်လူမှုဖွံ့ဖြိုးရေးအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြီး ဒေါက်တာ ကျော်ဇေယျက ကျန်းမာရေးဌာန၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

သေမှုသေခင်းဆိုင်ရာများတွင် အခကြေးငွေကုန်ကျစရိတ်၊ လူနာခွဲစိတ်ကုသရာတွင် ကုသခသတ်မှတ်ထားခြင်းရှိမရှိအတွက် ဒေါက်တာကျော်ဇေယျက သတ်မှတ်ထားခြင်း မရှိကြောင်း ဖြေကြားခဲ့ပြီး အခက်အခဲရှိပါက ၎င်းနှင့်တွေ့ဆုံမေးမြန်းနိုင်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများကို ဆေးစိမ်ခြင်ထောင်တစ်လုံးစီ ပေးဝေခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ပြည်နယ်မှူး ဒေါက်တာ ဝင်းဝင်းမော်၊ ပြည်နယ်ဆေးရုံအုပ်ကြီးဒေါက်တာကျော်ဇေယျ၊လက်ထောက်ဆေးရုံအုပ်ဒေါက်တာမေစန်းချို၊ ဆေးလူမှုဆက်ဆံရေး တာဝန်ခံဒေါ်နီနီဝင်း၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးဌေးအောင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းဝင်းနှင့်ရပ်ကွက်နေပြည်သူ ၁၁၀ကျော် တက်ရောက်၍ ကျန်းမာရေးအသိပညာပေးဆွေးနွေးခဲ့ကြသည်။ **(၁၀၈)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ကျေးလက်ဒေသလျှပ်စစ်မီးနှင့်သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းနိုင်ပါရန်

နှိုးဆော်ခြင်း

- ငွေကိုမလို ရေသာလိုသည့် ကျေးရွာများအတွက် ရေလှူဒါန်းနိုင်ပါသည်။ ရေအကျိုး (၁၀)ပါး မတောင်းဘဲ ပြည့်နိုင်ပါသည်။
- ပညာလိုလား ကြိုးစားနေပြီး အမှောင်ထဲက ကျေးရွာသား ရင်သွေးငယ်များအတွက် ပညာအလင်းရရန် ပညာအလင်း ဆိုလာ၊ မီးအိမ်များ လှူဒါန်းနိုင်ပါသည်။
- ရေလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာ၊ မီးအလင်းလှူဒါန်းခြင်းအတွက် ကောင်းမှုစေတနာပွားများနိုင်ရန် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ထောက်ပံ့ကူညီ လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။
- စေတနာရှင်ပြည်သူအလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေးကော်မတီ

ဖုန်း-၀၆၇-၄၀၉၃၆၀၊ ၀၆၇-၄၀၈၂၇၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နယ်မြေအတွင်း ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ကတ္တရာလမ်းအဆင့်မြင့် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း အတိုင်းအတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(က) ၃၀၁၀'×၁၆'×၀'-၉"

(ခ) ၆၁၀'×၂၀'×၀'-၉"

(ဂ) ၁၂၉၉'×၁၂'×၀'-၄·၅"

(ဃ) ၅၀၀'×၁၆'×၀'-၄·၅"

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ** ၂၂-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉-၄၉၂၀၁၀၅၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ အောက်ပါဌာနများမှ အသုံးပြုရန်လိုအပ်သော (စာရေးကိရိယာပစ္စည်းများ၊ ကွန်ပျူတာများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာထိုင်ခုံများ၊ Air Conditioner၊ တာယာ၊ ဘက်ထရီ၊ စက်ဆီချောဆီများ)နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ [Internet Conection System၊ ထွန်၊ ထယ်၊ ထွန်စက်ဘီး၊ မျိုးစေ့ချ ကိရိယာ၊ အခြောက်ခံစက်၊ ကောက်စိုက်စက်၊ (22)HP လက်တွန်းထွန်စက်၊ Thresher With Engine၊ Water Pump With Engine]များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ (အမှိုက်ပုံးကြီး၊ ဘီးပါ၊ လက်တွန်းပါ)၊ အမှိုက်ပုံး(လတ်)၊ အမှိုက်ပုံး(သေး)၊ တာယာ၊ ဘက်ထရီများ၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ (ရုံးသုံးပရိဘောဂပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၁၁-၂၀၁၃ရက်

(ဂ) **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာများတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

(က)	ဝန်ကြီးရုံး	ရုံးအမှတ်(၁၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၀၉၄
(ခ)	စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၇
(ဂ)	စိုက်ပျိုးရေးဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၅၁၅
(ဃ)	ဆည်မြောင်းဦးစီးဌာန	ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၃၁၇
(င)	ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန	ရုံးအမှတ်(၁၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၂၉
(စ)	စက်မှုလယ်ယာဦးစီးဌာန	ရုံးအမှတ်(၅၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၂၁၉
(ဆ)	စိုက်ပျိုးရေးသုတေသနဦးစီးဌာန	ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၉၂
(ဇ)	ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်	ရေဆင်း၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၆၈၆

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၅မိုင် ၅ဖာလုံ)အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၁၁-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

Company Profile အပါအဝင် Technical Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက် - ၁၈-၁၁-၂၀၁၃ရက်၊ ၁၆း၃၀နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များအား Price Proposal တင်သွင်းရန်ဌာနမှ အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ရုံးအမှတ်(၂၇)၊ နေပြည်တော်၊

ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်(စ်)-၀၆၇-၄၁၀၄၃၁

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စုပေါင်းမဟာဘုံကထိန်လှည့်လည် ပူဇော်လှူဒါန်းပွဲ ကျုံဒိုးမြို့ ပေါ်တော်မူကျောင်း၌ ကျင်းပ

ကျုံဒိုး အောက်တိုဘာ ၂၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အတုလသမန္တပါသာဒိကစေတီတော်မြတ်ကြီး၏ စုပေါင်းမဟာဘုံကထိန်လှူဒါန်းဆက်ကပ်ပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီခွဲက ကျုံဒိုးမြို့ပေါ်လေးရပ်ကွက်တွင် လှည့်လည်ပူဇော်ပြီး **(အောက်ပုံ)**ပေါ်တော်မူကျောင်းသို့ ကြွရောက်လာသောဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ ဆရာတော်သံဃာတော်များ၊ ကျေးရွာပြည်သူများကို ပေါ်တော်မူကျောင်း ဆွမ်းစားဓမ္မာရုံ၌ သက်သတ်လွတ်စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးပြီးနောက် အောက်တိုဘာ ၂၇ ရက် နံနက် ၈နာရီတွင် ပြည်နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်) တောရကျောင်းဆရာတော် ဦးဝဇီရဏဆရာတော်က ငါးပါးသီလနှင့်ဘုံကထိန် စုပေါင်းလှူဒါန်းဆက်ကပ်ရခြင်း၏ အကျိုးကျေးဇူးတရားတော်များကို ဟောကြားချီးမြှင့်ပေးပြီး အလှူဒါနအတွက် ရေစက်ချအမျှအတန်းပေးဝေကြသည်။ ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်သံဃာတော်များ၊ ကရင်ပြည်နယ်ရှိ ပင့်ကျောင်း ၅၈ ကျောင်း၊ ထိုင်းနိုင်ငံရှိ ပင့်ကျောင်း ခြောက်ကျောင်း စုစုပေါင်း ၆၄ ကျောင်းရှိ ဆရာတော်သံဃာတော်များကို မိဘပြည်သူများက စုပေါင်း၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

သဲကုန်း၌ ကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

သဲကုန်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ညောင်ကုန်းအုပ်စု စံပြကျေးရွာ အလကကျောင်း၌ အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက အသိပညာပေးဟောပြောပွဲနှင့် ပြည်သူဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ပြည်မြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်း ဦးဆောင်သော အထူးကုဆရာဝန် ၄၀ တို့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မှုခင်းကျဆင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် တာဝန်ရှိသူများက ဟောပြောဆွေးနွေးခဲ့ပြီး ဒေါက်တာတင့်ရွှန်း ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့သည် သဲကုန်းမြို့ပေါ်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူ ၆၉၅ ဦးကို အခမဲ့ ကွင်းဆင်းဆေးကုသပေးခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီပေးခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းလျှောက်ရင်းအားပေးသူ

စားသုံးသူအကာအကွယ်ပေးရေးနှင့်တရားမဝင်ကုန်သွယ်မှုများလျော့နည်းရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိရာ စစ်တောင်း-ဒိုက်ဦးလမ်းဆုံ (Mobile team-2)ဂိတ်၌ သတင်းသမား ရောက်ရှိနေချိန် အောက်တိုဘာ ၂၇ ရက် ည ၇ နာရီက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)ပြိုင်ပွဲဝင်မြန်မာအားကစားသမားများအတွက် အောင်နိုင်ရေး လမ်းလျှောက်သူ ဦးအောင်သူ**(ယာပုံ)**နှင့်တွေ့ဆုံ၍ မေးမြန်းခွင့်ရခဲ့သည်။

မေး။ အမည်၊ နေရပ်၊ အသက်၊ အဖအမည်၊ အလုပ်အကိုင် သိပါရစေ။

ဖြေ။ ကျွန်တော့်နာမည် ဦးအောင်သူပါ၊အမှတ်(၄၆)ကန်ပြားမြေနီလမ်း မြိတ်မြို့မှာနေပါတယ်။ အသက်(၄၅နှစ်)ရှိပါပြီ။ ဖခင်အမည်ကဦးအောင်မြပါ။ ဈေးဆိုင်လေးရောင်းပါတယ်။

မေး။ အခုလို လမ်းလျှောက်ရတဲ့အကြောင်းအရင်း ပြောပြပေးပါလားခင်ဗျာ။

ဖြေ။ ကျွန်တော်အခုလမ်းလျှောက်တာ ဒုတိယအကြိမ်ပါ။ ပထမအကြိမ်တုန်းက (ဆီးဂိမ်း)ကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်ကျင်းပခွင့်ရလို့ ဆီးဂိမ်းကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ၁-၇-၂၀၁၃ ရက်မှာ ကော့သောင်းမြို့ကစပြီး လမ်းလျှောက်တာ ၂၉-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲမှာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကိုရောက်ခဲ့ပါတယ်။ အခုဒုတိယအကြိမ်လမ်းလျှောက်တာ မြန်မာအားကစားသမားများ **အောင်နိုင်ရေးအတွက်** လမ်းလျှောက်ရင်း အားပေးတဲ့အနေနဲ့ပါ။ ကော့သောင်းကနေ နေပြည်တော်အထိ လမ်းလျှောက်ရင်းနဲ့ ကျွန်တော့်ရင်ထဲမှာ ဆီးဂိမ်းမှာ ပါဝင်ယှဉ်ပြိုင်တဲ့အားကစားသမားတွေ ရွှေတံဆိပ်အများကြီးရပါစေ၊ အောင်နိုင်ပါစေလို့ ရည်ရွယ်ဆုတောင်း အားပေးရင်း လမ်းလျှောက်တာပါ။ ကျွန်တော် အခုလို အားပေးရင်း လမ်းလျှောက်တာကို ပြိုင်ပွဲဝင်အားကစားသမားတွေက သိတဲ့အခါ "ဩော်---ငါတို့အောင်နိုင်ရေးအတွက် မိုင်ပေါင်းများစွာအားပေးရင်း လမ်းလျှောက်နေပါလား၊ ငါတို့လည်း အားပေးမှုကိုတုံ့ပြန်တဲ့အနေနဲ့ ရွှေတံဆိပ်တွေများများရအောင် ကြိုးစားရမယ်"လို့ ပြိုင်ပွဲဝင်တွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့လမ်းလျှောက်တာပါ။

မေး။ အခု ဒုတိယအကြိမ် လမ်းလျှောက်တဲ့လမ်းကြောင်း ခရီးစဉ်ကို သိပါရစေ။

ဖြေ။ ကျွန်တော် တနင်္သာရီတိုင်း ကော့သောင်းမြို့(ဝိတိုရိယ)အငူကနေ ၁-၁၀-၂၀၁၃ရက်နေ့ နံနက် ၆ နာရီမှ စထွက်ပြီး ၂၇ ရက်နေ့ညမှာ အခုရောက်နေတဲ့ ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းဆုံမှာ ညအိပ်ပါမယ်။ ၂၈ ရက်နေ့ မနက် ၆ နာရီမှာ ဒိုက်ဦးကို ခရီးဆက်ပြီး အဲဒီကနေ တောင်ငူ၊ ဆွာ၊ ပျဉ်းမနား၊ မန္တလေး၊ နေပြည်တော်အထိ သွားမှာပါ။ ပျဉ်းမနား-မန္တလေးက အသွားအပြန်ပါ၊ မန္တလေးအရင်သွားပြီးမှ နေပြည်တော်ကို လာမှာပါ။

မေး။ ခရီးစဉ် ပြီးဆုံးမယ့်ရက်နဲ့ အခြားအစီအစဉ်များရှိရင် ပြောပြပေးပါ။

ဖြေ။ နေပြည်တော်ကို ၂၅-၁၁-၂၀၁၃ ရက်နေ့မှာ ရောက်ပါမယ်။ ဒါပေမယ့် ခရီးစဉ်ပြီးဆုံးချိန်မှာ ဆီးဂိမ်းဖွင့်ပွဲလုပ်ဖို့ ၁၆ရက်လောက်လိုသေးတယ်။ အဲဒီကျန်တဲ့ရက်ကို အဆင်ပြေမယ်ဆိုရင် ဒိုက်ဦးကနေ ပဲခူး-ရန်ကုန်ကို ဆက်ပြီးလမ်းလျှောက်ဖို့ရှိပါတယ်။ မူလခရီးစဉ်လမ်းကြောင်းမှာ ပဲခူး-ရန်ကုန် လမ်းကြောင်းမပါပါဘူး။ ကျွန်တော်စပြီးလမ်းလျှောက် ကတည်းက သက်ဆိုင်ရာ အား/ကာနဲ့ သတင်းတပ်ဖွဲ့တွေဆီကို ခရီးစဉ်ပို့ထားပြီးသားပါ။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်က ခရီးစဉ်အတူတူပါပဲ။

မေး။ ခရီးစဉ်တစ်လျှောက် စားသောက်မှုအတွက် ဘယ်လိုစီစဉ်ထားပါသလဲ။

ဖြေ။ ကျွန်တော့် ဒီခရီးစဉ်မှာ စားသောက်တဲ့ကုန်ကျစရိတ်ကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့က ပံ့ပိုးပေးပါတယ်။ စားသောက်ချိန်ကတော့ မမှန်ပါဘူး။ ရောက်တဲ့အချိန်မှာပဲ စားသောက်ရတယ်။ တစ်ခါတလေမနက်စာကို ညနေ ၄ နာရီ ၅ နာရီမှ စားသောက်ရတာမျိုးလည်းရှိတယ်။

မေး။ ပြိုင်ပွဲဝင် အားကစားသမားတွေကို ဘာများမှာချင်ပါသေးသလဲ။

ဖြေ။ နှစ်ပေါင်းများစွာကြာမှ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ နှစ်ပေါင်းများစွာ ဝေးကွာနေတဲ့ ရွှေတံဆိပ်ပေါင်းများစွာကို ဆွတ်ခူးနိုင်အောင် ကြိုးစားကြပါလို့ အားပေးတိုက်တွန်းလိုပါတယ်။**ရဲထွဋ်(မင်းရွာ)**

တရားမဝင်သစ်များ ကျိုင်းတုံတွင် ဖမ်းဆီးရမိ

ကျိုင်းတုံ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ယန်းလုကျေးရွာရဲကင်းဂိတ်တွင် အောက်တိုဘာ ၂၈ ရက် နံနက် ၄ နာရီက တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသား ကိုးတန်နှင့်သစ်မာ(ပိတောက်) ရှစ်တန်ခန့်ဖမ်းဆီးရမိကြောင်းသိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၏ သတင်းပေးချက်အရ ကျိုင်းတုံသစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးတင်သိန်း ဦးဆောင်သော ပြည်နယ်ဖမ်းဆီးရေးအဖွဲ့ဝင်ကိုးဦးသည် ကျိုင်းတုံ-မိုင်းလားလမ်း ယန်းလုကျေးရွာရဲကင်းဂိတ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းမင်းသန့် ဦးဆောင်သောအဖွဲ့နှင့် ပူးပေါင်းစောင့်ဆိုင်းနေစဉ် ကျိုင်းတုံမှ မိုင်းလားဘက်သို့လာသော နစ်ဆန်းဒီဇယ်အပြာ ၃ခ/. . . ၁၀ ဘီးကားကို ရပ်တန့်စစ်ဆေးရာ ကုန်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော တရားမဝင်ကျွန်းခွဲသား ရှစ်တန်နှင့် နစ်ဆန်းဖြူ စိမ်း ၈၈/. . . ၁၂ ဘီးကားတွင် သစ်မာ၊ ပိတောက်သစ်လုံး ရှစ်တန်၊ ကျွန်းခွဲသား တစ်တန်တင်ဆောင်လာသောယာဉ်တစ်စီးတို့ကို တွေ့ရှိ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖမ်းဆီးရမိတရားမဝင်သစ်များနှင့်ယာဉ်နှစ်စီး၊ ယာဉ်မောင်းတို့ကို ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်မောင်နိုင် (iprd)

ရေနံစိမ်းခိုးယူတင်ဆောင်သည့်ဂျစ်ကား

ရွှံ့နစ်ရာမှဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၉

မြိုင်မြို့နယ် ဆင်စိန်အုပ်စု ကိုင်ရိုးကျေးရွာအဝင်လမ်းမပေါ်တွင် ရေနံစိမ်းများတင်ထားသည့် ဂျစ်ကားတစ်စီး ရွှံ့နစ်နေကြောင်း သတင်းအရ အောက်တိုဘာ ၂၆ ရက်က ရေနံမြေလုံခြုံရေးရဲကင်းမှ တပ်ဖွဲ့ဝင်များ၊ မြိုင်မြို့နယ် ကျောက်ခွက်ရေနံမြေမှ လုံခြုံရေးအဖွဲ့ခေါင်းဆောင်ဦးတင်လှိုင်ပါ သုံးဦးတို့က သက်သေများနှင့်အတူ သွားရောက်စုံစမ်းစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရေနံစိမ်းများထည့်ထားသော ၁၀ ဂါလန်ဝင် ပလတ်စတစ်ပုံး ၁၂ပုံး၊ တန်ဖိုးငွေကျပ် ၃၄၂၀၀ ခန့်ရှိ တရားမဝင်ရေနံစိမ်းများကို ၄ခ/. . . တိုယိုတာခဲရောင်စက်မှုဇုန်ထုတ်ဂျစ်ကားပေါ်တင်ဆောင်ထားကြောင်းနှင့် ရေနံစိမ်းများခိုးယူလာသူ ပေါက်မြို့နယ် ကျောက်တိုင်ခင်ကျေးရွာနေသူများဖြစ်သည့် နိုင်ဝင်းနှင့်အောင်ထိုက်တို့နှစ်ဦးကို ဗဟင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ကိုရဲ)

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)အတွက် ဆရာ ဆရာမအဆောင် (၁၃၂ပေ၊ ၄၅ပေ၊ ၁၂ပေ) ခြောက်ခန်းတွဲတစ်ထပ် တစ်လုံးဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တွင် ဝယ်ယူနိုင်ပြီး ၂၁-၁၁-၂၀၁၃ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၈၁-၃၀၄၅၃ နှင့် ၀၉-၈၃၆၂၆၂၉တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာရှိ တိုက်အမှတ် ၅၊ အခန်းအမှတ် ၂၀၅ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးညွန့်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နန်းအိအိခေါင် ၉/အမဇ(နိုင်) ၀၀၃၃၃၆က ပိုင်ရှင်အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ် ၈၁၉(ခ)၊ မြေကွက်တည်နေရာအမှတ် (၈၁၉/ခ)၊ သာစည်လမ်း၊ ရွှေပြည်သာမြို့နယ် ဒေါ်အေးရှင်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်အေးရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးစောလှိုင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းရီ ၁၂/အစန(နိုင်)၀၂၁၃၉၇မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ တရားဝင်ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၁၄၉၉၊ မြေကွက်တည်နေရာအမှတ်-၁၄၉၉၊ မဂ်လာသုခ(၁)လမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်အုန်းမြင့် CB-၀၀၄၇၇၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းမြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၄၉/၀၈ (၁၁-၃-၀၈)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်ချိုချိုဦး ၁၃/ကလန(နိုင်)၀၇၄၅၅၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၂၊ အခန်း ၅၀၈ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်ကြေးမှုံဝင်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်မြင့်မြင့်သက် ၁၂/ဗဟန(နိုင်) ၀၄၃၇၁၅ က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက် ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

အခြေခံရှေးဦးပြုစုခြင်း ၁/၂၀၁၃ သင်တန်းဆင်း

နတ်တလင်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦး၏ ညွှန်ကြားချက်၊ ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးအောင်သန်း၏ ကြီးကြပ်မှုဖြင့် ဒုတိယတပ်ရင်းမှူးငြိမ်းချမ်းချိုနှင့် ကြက်ခြေနီတပ်ဖွဲ့မှ ဦးဆောင်ဖွင့်လှစ်ခဲ့သော ကြက်ခြေနီသူနာပြုရှေးဦးပြုစုခြင်း ၁/၂၀၁၃ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း (မြို့မကျောင်း)၌ ကျင်းပသည်။ သင်တန်းသား သင်တန်းသူ ၄၀ ကို ဒုတိယတပ်ရင်းမှူးက သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မြင့်**

တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းသင်တန်းဖွင့်

ရပ်စောက် အောက်တိုဘာ ၂၉

ရပ်စောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အောက်တိုဘာ ၂၄ ရက်က တိုင်းရင်းသားရိုးရာအစားအစာဖြစ်သော ဟင်းထုပ်လုပ်နည်းသင်တန်းဖွင့်လှစ်ခဲ့သည်။ ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍ ဈေးတန်းရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းစန်းတင့်က ဟင်းထုပ်လုပ်နည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဈေးတန်းရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်နှင်းက ဟင်းထုပ်တွင်ပါဝင်သောအစားအစာများ၏ အာဟာရတန်ဖိုးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့ပေါ်ရှစ်ရပ်ကွက်မှ သင်တန်းသူ ၄၈ ဦးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်များ တက်ရောက်ကြကြောင်းသိရသည်။ **ပိုပိုညွန့်**

လူနာတင်ယာဉ်နှင့် ရာသက်ပန်ငွေပဒေသာပင်စိုက်ထူ

ရွှေဘို အောက်တိုဘာ ၂၉

ရွှေဘိုမြို့နယ် ကင်းဗျားကျေးရွာ စေတနာမွန်ပရဟိတလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်နှင့် ဒုတိယအကြိမ်ရာသက်ပန်ငွေပဒေသာပင်စိုက်ထူပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီက ကင်းဗျားကျေးရွာ မဟာပုဗ္ဗာရာမကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက အမှာစကားပြောကြားပြီး အသင်းနာယကဦးခင်မောင်သန်းက အသင်းတည်ထောင်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းသည်။

ယင်းနောက် စေတနာမွန်ပရဟိတလူမှုကူညီရေးအသင်းကို တည်ထောင်ပေးခဲ့သော ရန်ကုန်မြို့ရွှေမင်းဝံသာသနာ့ရိပ်သာ၊ ပဲခူးတိုင်းဒေသကြီး စာသူငယ်ကျေးရွာ သောဘနာရာမရွှေမင်းဝံသာသနာ့ရိပ်သာနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ရွှေမင်းဝံဘိုးဘွားရိပ်သာတို့၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသောဘနက လှူဒါန်းသော လူနာတင်ယာဉ်နှင့် မော်တော်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဆရာတော်ကိုယ်စား ဦးထင်လင်းထက်-ဒေါ်ဥမ္မာတို့က နာယကဆရာတော်ဦးဝဏ္ဏသီရိနှင့်အသင်းဥက္ကဋ္ဌ ဦးကျော်စိုးတို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရာသက်ပန်ငွေပဒေသာပင် စိုက်ထူလှူဒါန်းသော အလှူရှင်များက အလှူငွေများပေးအပ်ပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ထွန်း (iprd)

ကျိုင်းတုံ၌သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကျိုင်းတုံ အောက်တိုဘာ ၂၉

ကျိုင်းတုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့်အဖွဲ့ဝင်များ အောက်တိုဘာ ၂၇ ရက် နံနက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်နှင့်ကျန်းမာရေးဝန်ထမ်းများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက် ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ တပ်ရင်းများမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ အသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အမှတ်(၁)ရပ်ကွက်၊ နမ့်မော် အာခါကျေးရွာနှင့် အမှတ်(၂)ရပ်ကွက် ကျိုင်းကာစံပြကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံ၊ သွန်၊ လဲ၊ စစ်လုပ်ငန်းစဉ်များ၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်းဆေးမှုတ်ခြင်း၊ **(အပေါ်ပုံ)** သွေးလွန်တုပ်ကွေးရောဂါနှင့် သက်ဆိုင်သည့်လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေပေးခြင်းနှင့်(၂)ရပ်ကွက်ကျိုင်းကာစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းကျော်နှင့် သူနာပြုဆရာမများက သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ဒေသခံပြည်သူများ ကျန်းမာရေး ပြည့်စုံမှုရှိစေရေးအတွက် အမျိုးသားရေး အသိဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ဗန်းမော်၌လုံခြုံရေး အသိပညာပေး ဆောင်ရွက်

ဗန်းမော် အောက်တိုဘာ ၂၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့က ကြီးမှူးကျင်းပသည့် လုံခြုံမှုအသိပညာပေး ရက်တိုသင်တန်းကို အောက်တိုဘာ ၂၇ ရက် မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းသို့ ဟိုတယ်/တည်းခိုခန်းလုပ်ငန်း၊ ရွှေဆိုင်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စတိုးဆိုင်လုပ်ငန်းများအပြင် အမှတ်(၁)/(၂) ဈေးကော်မတီ၊ ကုန်တင်ကုန်ချ၊ မော်တော်ယာဉ် အသင်း၊ ဂိတ်မှူးများစသည့် လုပ်ငန်းများနှင့် အသင်းအဖွဲ့ ကော်မတီတို့မှ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက လုံခြုံရေး အသိပညာပေးရေးနှင့် ပတ်သက်ပြီးရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆလိုင်းယောဇဉ်(ဗန်းမော်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အရစ်ကျငွေချေစနစ်ဖြင့် စက်ပစ္စည်းများဖြန့်ဖြူးပေးမည်

တန့်ယန်း အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနမှ မြို့နယ်အတွင်းရှိသမဝါယမအသင်းများ၏ အသင်းသားအသင်းသူများအတွက် လယ်ယာသုံးစက်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးမည့်အစီအစဉ်ကို အောက်တိုဘာ ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ သမအသင်းများမှ အသင်းသားများအတွက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အသင်းသားမဟုတ်ပါကလည်း အသင်းသို့ဝင်ရောက်ပြီးပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများအပြင် ထော်လာဂျီ၊ ကွန်ပျူတာ၊ လက်တော့ပ်၊ ဆိုင်ကယ်စသည့်လူသုံးစက်ပစ္စည်းများကိုလည်း နှစ်အလိုက်အရစ်ကျငွေချေစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးကံညွန့်၏ ပြောပြချက်အရသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေလွှမ်းမှုကင်းစေရန် အထောက်အကူပြုဆည်တစ်ခုလိုအပ်နေ

မိုးညှင်း အောက်တိုဘာ ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မရင်းကုန်းကျေးရွာနှင့် အင်ကြင်းကုန်းကျေးရွာအကြား ပြည်ထောင်စုကားလမ်းဝဲယာရှိ ကွင်းအမှတ် ၃၁၆၊ ၃၁၇၊ ၃၁၈၊ ၃၁၉ လယ်မြေဧက တစ်ထောင်ကျော်သည် စပါးအထွက်ကောင်းသော လယ်မြေများဖြစ်သည်။ လယ်မြေများမှာ မိုးရာသီ တောင်ကျရေကြောင့် မြောင်းရေလျှံကာ ရေလွှမ်းခံရပြီး ၃၁၆၊ ၃၁၇၊ ၃၁၈ ကွင်းမှ အချို့စပါးပင်များမှာ လဲကျလျက်ရှိသည်။ ရိတ်သိမ်းချိန်တွင် ရွံ့ဗွက်၌ ရိတ်သိမ်းရကြောင်း တောင်သူများက ပြောပြသည်။ ၃၁၉ ကွင်းလယ်မြေအချို့လည်း စွတ်စိုမြေ၌ ရိတ်သိမ်းနေရကြောင်းဆိုသည်။

“ယခုလို ဖြစ်ရတာကလည်း ရေပိုလွှဲရေတံခါးမရှိလို့ပါ”ဟု ရေလွှမ်းခံတောင်သူတစ်ဦးကပြောပြသည်။ အနိမ့်ပိုင်းလယ်မြေမှ မိုးစပါးဧက ၂၀၀ ကျော်ခန့်မှာ ရေလွှမ်းခံနေရခြင်းကြောင့် သဲအိတ်များချ၍ ကာကွယ်ရသဖြင့် **(အပေါ်ပုံ)** ငွေကုန်ကျခံရခြင်း၊ စပါးပင်များရေလွှမ်းခံရခြင်းနှင့် စပါးအထွက်နှုန်း လျော့နည်းခြင်းမဖြစ်စေရန် အရှည်ပေ ၄၀ခန့်ရေပိုလွှဲ သို့မဟုတ် ရေကျော် ဆည်တစ်ခု ဆောင်ရွက်လျှင် အဆင်ပြေနိုင်ကြောင်း ပြောသည်။ ၎င်းတို့က ဆက်လက်ပြောရာတွင် သက်ဆိုင်ရာဌာနမှ လိုအပ်သလို ကွင်းဆင်းနည်းပညာ ပံ့ပိုးအကူအညီပေးရန်လည်း လိုအပ်ပါကြောင်း တောင်သူများ၏ ပြောကြားသံများကိုလည်း သိခဲ့ရသည်။ **(ဝဇိရ)**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား

အနူးအညွတ်ဝန်ချတောင်းပန်ခြင်း

၂၀၁၃ခုနှစ် အောက်တိုဘာ ၅ရက်တွင် မြေယာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများအား မသိနားမလည်ဘဲ မြန်မာဂျာနယ်လစ်ကွန်ရက်ရုံးခန်း၌ ကျင်းပပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းအောင် ပြောဆိုပြုမူမိပါ၍ အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါကြောင်းနှင့် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲအားလည်း ပယ်ဖျက်ရုပ်သိမ်းပါကြောင်း ဦးစိုးနိုင်ဦး LSO-၂၀၇၂၉၈နှင့် ဦးအိုက်ကျော် (ဦးအိုက်ကျိုင်း၏ကိုယ်စားလှယ်) ၁၃/လရန(နိုင်)၀၈၄၀၇၈ တို့မှ အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၂၉၃၊ မြေဧရိယာ အကျယ်အဝန်း(၄၀'×၆၇' ၆") အမည်ပေါက် ဦးသန်းလှ ၁၂/ကတတ(နိုင်)၀၁၄၉၁၁၈နှင့် ဒေါ်ငြိမ်းငြိမ်း ၁၂/ကတတ(နိုင်)၀၁၄၇၀၀တို့ထံမှ ဦးကျော်စိုး ၇/ပခန(နိုင်)၀၁၀၃၈၇ က ပြန်လည်ဝယ်ယူခဲ့ပြီး ၎င်းအမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ မြေချပါမစ်လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၉၆/က၊ မြေကွက်တည်နေရာအမှတ် ၈၉၆/က၊ ဖြုဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်နက်တုံး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်နက်တုံး ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၀၂(၂၀-၃-၂၀၀၃) ဖြင့် အထူးကိုယ်စားလှယ် ဒေါ်အေးမျှင် ၁၂/ဥကတ(နိုင်)၀၅၀၀၃၀က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂-၄၀၄၅ (၂-၈-၁၃)ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ(၁)၊ မြေကွက်အမှတ် ၂၆၈/က၊ မြေကွက်တည်နေရာအမှတ် ၂၆၈/က၊ တေးဥယျာဉ် ၁ လမ်း၊ လှိုင်သာယာမြို့နယ် ဦးကျော်လင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်အစ်ကိုဦးကျော်လင်း ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်စိုး ၁၂/လသယ(နိုင်)၀၂၁၇၈၀က ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိ၊ မောင်ဖြစ်သူ ဦးဇော်ဝင်းမှ ကန့်ကွက်ရန်မရှိ သဘောတူကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ်၇၉/စ၊ ဧရိယာ ၁၂ဒသမ ၆၃၀ ဧက၏ တစ်စိတ်တစ်ဒေသ $\frac{၁၇၄'}{၉၃'+၄၄'\text{-}၇"+၅၄'\text{-}၁၀"} \times \frac{၆၀'}{၄၀'+၁၀'\text{-}၇"}$ ၊မြေကွက်တည်နေရာအမှတ်-၇၉/စ၊ စပါယ်လမ်း၊ ထန်းပင်ကုန်း၊ အင်းစိန်မြို့နယ် A ဘဂေါင်း အမည်ပေါက် B မြေပိုင်၊ လ/န ၃၉ ရပြီး မြေအား အမည်ပေါက် A ဘဂေါင်း ထံမှ အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၇၄/၂၀၁၂၊ တရားမဇာရီမှုအမှတ်-၅၄/၂၀၁၂တို့တင်ပြ၍ ဒေါ်အုန်းသွင်(ဘိလစ်) ၁၂/အစန(နိုင်)၀၀၄၀၈၀က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)

ပဉ္စမအကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဘိုကလေးမြို့နယ်အသင်း(ဓမ္မာရုံ)၊ ခြောက်ထပ်ကြီးဘုရားဝင်း၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ခြင်း

အလှူငွေနှင့်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၀၉-၅၁၀၈၇၀၅၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၈-ဘီ၊ မြေကွက်အမှတ်၆၆-A/၁၄၄၊ မြေကွက်တည်နေရာအမှတ်-၁၇၊ ရတနာသိင်္ခလမ်း၊ စမ်းချောင်းမြို့နယ် ဦးတွတ်ကြီးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတွတ်ကြီးနှင့်ဇနီး ဒေါ်သန်းကြည်တို့ ကွယ်လွန်သဖြင့် ၎င်းတို့၏သားသမီးများဖြစ်သော (၁)ဦးကြည်အောင် ၁၂/စခန(နိုင်)၀၆၃၁၇၄၊ (၂)ဒေါ်ချိုချိုမြင့် ၁၂/စခန(နိုင်)၀၄၀၀၀၂၊ (၃) ဦးမောင်မောင်ကြီး ၁၂/စခန(နိုင်)၀၄၁၆၁၂၊ (၄)ဦးစန်းယု ၁၂/စခန(နိုင်)၀၄၁၄၇၀၊ (၅)ဦးစန်းထွဋ် ၁၂/စခန(နိုင်)၀၃၉၁၅၉၊ (၆)ဒေါ်ခင်စန်းကြည် ၁၂/စခန(နိုင်)၀၆၇၆၁၄ တို့ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူဦးအုန်းခိုင် ၁၃/တကန(နိုင်)၁၄၂၅၉၇က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

30-10 (17).pmd 1 10/29/2013, 11:01 AM

မှုခင်းသတင်းနှင့်ကြော်ငြာ

တာမွေမြို့နယ်တွင် ဆင်ဆာမဲ့အခွေများကူးယူဖြန့်ချိသူ ဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တာမွေမြို့နယ်တွင် ဆင်ဆာမဲ့အခွေများကူးယူဖြန့်ချိသူကို ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဆင်ဆာမဲ့ခိုးကူးခွေများ ဖြန့်ချိနေကြောင်း သတင်းအရ အောင်ကျော်သူ ကျောက်မြောင်းအရှေ့ရပ်ကွက် တာမွေမြို့နယ်နေသူ၏ နေအိမ်သို့ သွားရောက်ရှာဖွေရာ တိုက်လှေကားခြေရင်းတွင် အောင်ကျော်သူကို ဆင်ဆာမဲ့နိုင်ငံခြားကူးခွေနှစ်ထုပ် စုစုပေါင်း အခွေအချပ် ၂၄၀၀နှင့် အတူတွေ့ရှိရပြီး ၄င်း၏နေအိမ် တိုက်ခန်းအတွင်းသို့ဝင်ရောက်ရှာဖွေရာတစ်ကြိမ်

လျှင် ၁၀ ခွေကူးယူနိုင်သည့် အခွေကူးစက်ခြောက်လုံး၊ ဆက်စပ်ပစ္စည်းများ၊ နိုင်ငံခြားဇာတ်လမ်းကူးခွေအချပ် ၁၁၀၀ နိုင်ငံခြားဇာတ်လမ်းအခွေ ကာဗာအရွက် ၅၀၀၀၊ အခွေလွတ် အချပ်၂၅၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် အောင်ကျော်သူကို တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။ **စိုးဝင်း(SP)**

ကျိုင်းလပ်မြို့နယ်ခွဲ၌ မူးယစ်စိတ်ကြွဆေးဝါးများနှင့် ထိုင်းဘတ်ငွေများဖမ်းဆီးရမိ

ကျိုင်းလပ် အောက်တိုဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့နယ်ခွဲတွင် အောက်တိုဘာ ၂၇ ရက် နံနက် ၁၁ နာရီခွဲက တာချီလိတ်မူးယစ်တပ်ဖွဲ့စု(၃၀)နှင့်ပူးပေါင်းအဖွဲ့မှ မူးယစ်စိတ်ကြွဆေးဝါးများနှင့် ထိုင်းနိုင်ငံသုံး ဘတ်ငွေများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ကျိုင်းလပ်မြို့နယ်ခွဲဘက်မှ တာလေမြို့နယ်ခွဲဘက်သို့ ယာဉ်မောင်းမျိုးဇော်လတ်(ခ)မိုင်ခမ်းငင်း မောင်းနှင်ပြီး အိုက်ကောင်ခမ်းစီးနင်းလိုက်ပါလာသည့် ယာဉ်အမှတ် ၆က/... တိုယိုတာဟိုင်းလပ်(ဖိုးဦး) ယာဉ်ကို ကျိုင်းလပ်မြို့နယ်ခွဲ နမ့်ခင်းကျေးရွာ ရွာလယ်လမ်းပေါ်တွင် ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၂၁၈၀၀ ပြား အလေးချိန် ၂ ဒသမ ၁၈ ကီလိုနှင့် ထိုင်းဘတ်ငွေရောရာ ဘတ် ၁၀၀၀ တို့ကို ရှာဖွေတွေ့ရှိဖမ်းဆီးခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများနှင့် လက်ဝယ်တွေ့ရှိသူ မျိုးဇော်လတ်(ခ) မိုင်ခမ်းငင်း (၂၈ နှစ်) အမှတ်(၁/၁၃၀) ရပ်ကွက်(၁)နေ ကျိုင်းလပ်မြို့နယ်ခွဲနေသူနှင့် အိုက်ကောင်ခမ်း (၂၂ နှစ်) အမှတ်(၁/၈၅) ရပ်ကွက်(၁) ကျိုင်းလပ်မြို့နယ်ခွဲနေသူတို့နှစ်ဦးကို မိုင်းပါလျှိုးနယ်မြေစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ယာဉ်ပေါ်မှ ပြုတ်ကျ သေဆုံး

နတ်တလင်း အောက်တိုဘာ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်လေးဒေါင့်ကွင်းရပ်ကွက်နေ ကျော်ထွန်း (၃၃နှစ်)သည် အောက်တိုဘာ ၂၄ ရက်တွင် ပြည်မြို့မှ ယာဉ်မောင်း မင်းဇော်(၄၀နှစ်) မောင်းသော ဟိုင်းလပ်အဝါရောင်၃၇/---- ပြည်-ကြို့ပင်ကောက် လူစီးကားဖြင့် ပြန်လာရာ နံနက် ၁၁ နာရီခွဲအချိန် ရွှေတောင်မြို့အဝင် ဘယ်ဘက်နေရာအရောက်တွင် ယာဉ်ပေါ်မှ ပြုတ်ကျပြီး ဦးခေါင်းနောက်စေ့၌ ဒဏ်ရာပြင်းထန်စွာရ၍ သေဆုံးသွားသဖြင့် ယာဉ်မောင်း မင်းဇော်အား ရွှေတောင်မြို့ရဲစခန်းမှ ဒုရဲအုပ် သန်းလင်းအောင်က အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**

ဟိုတယ်တွင်တည်းခိုနေထိုင်၍ရမ်းကားသူ ဘိန်းစိမ်းများနှင့်အတူဖမ်းမိ

နေပြည်တော် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက်(၁) နောင်ရေးရပ်ရှိ နောင်တုံဟိုတယ်၊ အခန်းအမှတ် (၁၀၈)တွင် တည်းခိုနေထိုင်သူ လီဒို (၆၅ နှစ်)က တူဖြင့် ရိုက်နှက်၍ ဟိုတယ်ဧည့်ကြိုဝန်ထမ်း ရဲလွင်အောင်တွင် နဖူးသွေးထွက်ပေါက်ပြဲဒဏ်ရာရရှိခဲ့ကြောင်း ဟိုတယ် ကြီးကြပ်သူဦးကြည်မင်း၏ အကြောင်းကြားချက်အရ ကျိုင်းတုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူသွားရောက်စစ်ဆေးခဲ့သည်။ ထို့နောက် လီဒိုအား ဝင်ရောက်ဖမ်းဆီးရာလီဒိုက တံခါးရွက်နှင့် ဖွင့်/ပိတ်တားဆီးပြီး ဓား/တူ/သံပိုက်ချောင်းတို့နှင့် ပြန်လည်ခုခံသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦး၌ ဖူးရောင်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကာ လီဒိုမှာ တံခါးစောင်းနှင့် ၎င်း၏ဦးခေါင်း/မျက်နှာတို့ထိခိုက်မိသည့် သွေးထွက်ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့သည့် အပြင်၎င်းတည်းခိုသည့်အခန်းအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၈၂ ဂရမ်၊ တန်ဖိုးငွေကျပ် ၇၅၀၀၀ ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သောကြောင့် ကျိုင်းတုံရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။ **(ကိုရဲ)**

စိတ်ကြွရူးသွပ်ဆေးပြားများ မောင်တောမြို့၌ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၅ရက် ည ၇နာရီက အမှတ် (၄၇) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (စစ်တွေ)မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး သတင်းအရ မောင်တောမြို့နယ် ဟာဘီအနောက်ရွာသွားလမ်း ကျေးလက်ဆေးပေးခန်းအနီးတွင် မောင်တောမြို့မှ ဟာဘီအနောက်ရွာသို့ မောင်တောမြို့နယ် သီဟိုကျွန်းအုပ်စု ဟာဘီအနောက်ရွာနေ ခိုရ်ရှိတ်အာမတ်မောင်းနှင်ပြီး တစ်ရွာတည်းနေ မုစ်တော်ဖာကော်မာလ်လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာ ခိုရ်ရှိတ်အာမတ်၏ ပုဆိုးခါးကြားတွင် စီးကရက်ဘူးခွံဖြင့် ထည့်ထားသော R စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၄ ပြား၊ R စာတန်းပါ အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄ ပြား၊ စုစုပေါင်း ဆေးပြား ၁၇၀၊ တန်ဖိုး ငွေကျပ် ၃ ဒသမ ၄ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဆေးပြားများကို ထိုနေ့ ၆ နာရီခွဲက မောင်တောမြို့ မြို့မ အနောက်ရပ်ကွက်နေ အာဇီအာမတ်ထံမှ သုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် အောက်တိုဘာ ၂၆ ရက်တွင် အာဇီအာမတ်၏ နေအိမ်သို့ ဆက်လက်ရှာဖွေခဲ့ရာ အာဇီအာမတ်အား ဖမ်းဆီးရမိခဲ့သောကြောင့် ခိုရ်ရှိတ်အာမတ်ပါ သုံးဦးအား မောင်တောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ပန်းဘဲတန်းမြို့နယ်အတွင်း ခါးပိုက်နှိုက်တစ်ဦးဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၂၅ ရက် နံနက်က ပန်းဘဲတန်းမြို့နယ်အတွင်း ခါးပိုက်နှိုက်တစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် လမ်း(၃၀) မှတ်တိုင်တွင် ခါးပိုက်နှိုက်ဖမ်းဆီးရေး တာဝန်ဆောင်ရွက်နေစဉ် (၃၉)ယာဉ်ပေါ်မှ ဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ မောင်မောင်စန်း(ခ)ရဲရင့်အောင် ကျည်ကုန်းရွာ ကနောင်အုပ်စု မြန်အောင်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူအား တွေ့ရှိရှာဖွေရာ ၎င်းလွယ်ထားသည့် အညိုရောင်ဘေးလွယ်အိတ်အတွင်းမှ ငွေကျပ် ၁၈၀၀၀ နှင့် ဆင်းကတ်မပါ လက်ကိုင်ဖုန်းတစ်လုံးကို တွေ့ရှိစစ်ဆေးရမိသဖြင့် စစ်ဆေးမေးမြန်းရာ ၎င်းသည် အဆိုပါယာဉ်ပေါ်၌ လိုက်ပါလာသည့် အသက် (၂၅ နှစ်)ခန့် အမျိုးသားတစ်ဦးထံမှ နှိုက်ယူရရှိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ရမိသဖြင့် ပြန်လည်သိမ်းဆည်းပြီး ပန်းဘဲတန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားရှိကြောင်း သိရသည်။

စိုးဝင်း (SP)

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေနှင့်မေမေ **ဦးမြင့်လွင်ဦး-ဒေါ်အေးအေးရည်(ပဲခူး)**တို့၏ ၃၀-၁၀-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာမှသည် ရတုအဆက်ဆက်တိုင်အောင် ချစ်သမီးများနှင့်အတူ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ကျန်းမာပျော်ရွှင်စွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - ရတနာအေးချမ်းဦး (Room Adviser)
Apple Apaman Company **Tokyo Japan**

ချစ်သမီးလတ် - သီရိဟေမွန်ဦး (Health & Beauty Adviser)
Guardian Pharmacy **Singapore**

ချစ်သမီးငယ် - အေးမိုမိုဦး 3rd M.B.,B.S **ဆေးတက္ကသိုလ်(၁)ရန်ကုန်**

ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲ

ဆေးတက္ကသိုလ်(၂) ပထမနှစ် (၁၉၈၂၊ ၁၉၈၃၊ ၁၉၈၄)ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက် (စနေနေ့) ၈း၀၀-၁၁း၀၀နာရီအထိ (DOLPHIN RESTAURANT)၌ ကျင်းပမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့)တွင် ပဏ္ဍိတာရာမရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသည်။

ဒေါက်တာစိုးမင်းနိုင် ဖုန်း-၀၉-၅၁၃၈၇၀၃၊ ဒေါက်တာအေးအေးစန်း ဖုန်း-၀၉-၅၁၁၄၅၃၆၊ဒေါက်တာခင်ခင်လေး ဖုန်း-၀၉-၅၁၂၀၇၇၃၊ ဒေါက်တာဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၁၂၄၇၂၀၊ ဒေါက်တာတင်လှိုင် ဖုန်း-၀၉-၅၁၉၉၅၉၆၊ ဒေါက်တာစပယ်ဖြူ ဖုန်း-၀၉-၅၀၁၄၁၇၃၊ ဒေါက်တာအောင်မျိုးထွန်း ဖုန်း-၀၉-၅၁၉၅၄၉၂၊ ဒေါက်တာကျော်မင်း ဖုန်း-၀၉-၅၁၂၉၀၄၂၊ ဒေါက်တာကြူကြူအုန်းရှိန် ဖုန်း-၀၉-၅၁၂၀၁၉၀ တို့သို့ ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၂၄၆၊ မြေကွက်တည်နေရာအမှတ် ၂၄၆၊ ဝဏ္ဏကျော်စွာ ၄လမ်း၊ ၁၄/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်သိန်းသိန်းဖြူ အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဒေါ်သိန်းသိန်းဖြူထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူဦးတင်ခ ၁၂/ဒဂန(နိုင်)၀၀၈၀၄၁က ပါမစ်ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာပုံ ၂လမ်းအိမ်ရာရှိ လုံးချင်းတိုက်အမှတ် F၊ D_2 ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဆွေ ၁၂/တမန(နိုင်)၀၈၄၁၄၂ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးဇော်ခင် KGL-၀၈၃၁၈၈၊ ဒေါ်ခင်နုရီ ၁၂/သကတ(နိုင်)၀၉၉၈၄၃ တို့က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

မင်းကင်းကျောင်းတိုက် စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ မင်းကင်းကျောင်းတိုက်၌ ပုရိမဝါမှကျွတ်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ဒေါက်တာမိုးဇော်-ဒေါက်တာဥမ္မာမြင့်သိမ်း(AUS)မိသားစု၊ ဒေါက်တာခင်မမ၊ ဒေါ်မြမြကြည် မိသားစုနှင့် ဒေါ်စိန်ကြည် မိသားစုတို့မှ မတည်၍ ဧကာဒသမအကြိမ်မြောက် စုပေါင်းဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီ
ဖုန်း-၀၁-၅၅၆၆၃၃

ကညွတ်ကွင်း အ-ထ-က (၂၈)ကြိမ်မြောက် အာစရိယပူဇော်မည်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများက အထက ကညွတ်ကွင်းမြို့၌ ပညာသင်ကြားပေးခဲ့သည့် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးတို့အား (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကညွတ်ကွင်းမြို့ အထက မြရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဦးစိုးတင့်(ရန်ကုန်) ဖုန်း-၀၉-၅၅၀၁၆၈၃၊ ဦးအောင်ဝင်း(ရောင်နီဦးကုမ္ပဏီ) ဖုန်း-၀၉-၅၅၀၆၅၀၃၊ ဒေါ်ကြည်ကြည်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၈၃၀၀၈၂၅၊ ဦးထွန်းမြင့်(T.Z.T.M) ဖုန်း-၀၉-၈၃၀၂၁၁၇၊ ဦးဝင်းသောင်း (နေပြည်တော်) ဖုန်း-၀၉-၈၃၀၀၅၃၇၊ ဦးစံသိန်း(မန္တလေး) ဖုန်း-၀၉-၉၁၀၀၆၈၇၃၊ ဦးနိုင်လင်း(မန္တလေး) ဖုန်း-၀၉-၂၀၀၁၁၂၊ ဦးဝင်းလှိုင်(တောင်ငူ) ဖုန်း-၀၅၄-၂၃၂၄၉၁၊ ဒေါ်ခင်ဌေးတင်(မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၃၅၇၊ ဦးအောင်မြင့်(ကညွတ်ကွင်း) ဖုန်း-၀၉-၈၆၀၁၅၅၀၊ ဦးချစ်ဆန်း ဖုန်း-၀၉-၄၂၈၀၃၄၄၆၆၊ ဦးဝေမိုး ဖုန်း-၀၉-၄၀၂၇၁၃၅၆၆၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၉-၂၅၀၂၁၅၇၄၃၊ ဦးကျော်ဝေ ဖုန်း-၀၅၄-၅၀၀၃၃၊ ဒေါ်အမာ(အထက၊ ကညွတ်ကွင်း) ဖုန်း-၀၅၄-၅၀၀၀၈၊ ဦးမြင့်လွင် (တိုင်းရင်းဆေး၊ ဖြူးမြို့)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းအမှတ် (၃၁/သမိုင်း)၊ မြေကွက်အမှတ်(၁/ $\frac{က-၃}{A}$)၏ တစ်စိတ်တစ်ဒေသ မြေဧရိယာ ဝဒသမ ၁၂၈ဧက၊ အစိုးရမြေအား ဒေါ်နွယ်နီဌေး ၁၂/ကမရ(နိုင်)၀၂၁၀၃၅က မြေငှားစာချုပ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်) ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊နေပြည်တော်**

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ဗုဒ္ဓပူဇနိယပွဲ တန်ဆောင်မုန်းလ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ညောင်ဦး အောက်တိုဘာ ၂၉

